# ဟေဗြဲ သြဝါဒစာ

သင်ခန်းစာ နှစ်

ပါဝင် အကြောင်းအရာနှင့် ဖွဲ့စည်းပုံ

Manuscript

thirdmill

Biblical Education. For the World. For Free.

တတိယ ထောင်စုနှစ် အမှုတော်များ၊ ၂၀၁၂

မူပိုင်ခွင့် အားလုံးကန့်သတ်ထားပြီးဖြစ်သည်။ ဤစာအုပ်၏ မည်သည့် အပိုင်းကဏ္ဍကို မဆို ပညာနှင့် အရည်အသွေး သို့မဟုတ် ပြန်လည် ဆန်းစစ်ခြင်း သို့မဟုတ် ထင်မြင် သုံးသပ်ချက်ပေးခြင်း ရည်ရွယ်ချက်များအတွက် အတိုချုံး ကိုးကားမှု ပြုသည်များမှ လွဲ၍ ထုတ်ဝေသူ တတိယထောင်စုနှစ် အမှုတော်များ အင်ကော်ပိုရိတ်တက် 316 Live Oaks Blvd., Casselberry, Florida 32707 ၏ စာဖြင့် ရေးသား ခွင့်ပြုထားချက် မပါရှိဘဲ မည်သည့် ပုံစံ၊ မည်သည့် နည်းလမ်းဖြင့် ဖြစ်စေ အမြတ်အစွန်း ရရန် အလို့ငှာ ကူးယူ၊ ပွားများခြင်း မပြုရပါ။

တစ်နည်းနည်းနှင့် မပြထားလျှင် ကျမ်းအကိုးအကား အားလုံးသည် Good News Publishers ၏ အမှုတော်တစ်ခုဖြစ်သော Crossway ၏ 2001 ခုနှစ် ထုတ် ESV (English Standard Bible) သမ္မာကျမ်းစာ မှ ဖြစ်ပါသည်။ ခွင့်ပြုချက်ဖြင့် အသုံးပြုထားပါသည်။ မူပိုင်ခွင့် အားလုံး ကန့်သတ်ထားပြီး ဖြစ်ပါသည်။

## သာ့ဒ်မစ်လ် အကြောင်း

၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့သော သာ့ဒ်မစ်လ် သည်အမြတ်အစွန်းကို အဓိက မထားသော ဧဝံဂေလိ ခရစ်ယာန် အမှုတော် တစ်ခု ဖြစ်ပါသည်။ သာ့ဒ်မစ်လ်က ပေးအပ်ရန် ရည်စူးထားသည်မှာ-

ကမ္ဘာကြီးအတွက် အခမဲ့ သမ္မာကျမ်းစာ ပညာရေး

ကျွန်ုပ်တို့၏ ပန်းတိုင်မှာ ကမ္ဘာတလွှားရှိ အမှုတော်အတွက် လုံလောက်သော လေ့ကျင့်ရည် ချို့တဲ့ ကင်းမဲ့သည့် သင်းအုပ်နှင့် ခရစ်ယာန် ခေါင်းဆောင် ထောင်ပေါင်း များစွာအား အခမဲ့ ခရစ်ယာန် ပညာရေးကို ပေးကမ်းရန် ဖြစ်ပါသည်။ ပြိုင်ဖက်ကင်းသော မီဒီယာစုံသင် စာသင်တိုက် သင်ရိုးကို အင်္ဂလိပ်၊ အာရဘစ်၊ တရုတ်၊ ရုရှ နှင့် စပိန် ဘာသာစကားများဖြင့် ထုတ်လုပ်ပြီး ကမ္ဘာ အနှံ့ ဖြန့်ဝေခြင်း အားဖြင့် ဤပန်းတိုင်ကို ကျွန်ုပ်တို့ ဖြည့်ဆည်းနေပါသည်။ ကျွန်ုပ်တို့၏ သင်ရိုးကို ကျွန်ုပ်တို့၏ မိတ်ဖက် အမှုတော်များအားဖြင့် အခြားသော ဘာသာစကား တစ်ဒါဇင်ကျော်သို့ ပြန်ဆိုလျက် ရှိပါသည်။ သင်ရိုးတွင် ရုပ်ပုံများက ထိန်းကျောင်းသော ဗီဒီယိုများ၊ ပုံနှိပ်ထားသော ညွှန်ကြားချက်များ နှင့် အင်တာနက် အရင်းအမြစ်များ ပါဝင်ပါသည်။ ၎င်းကို ကျောင်းများ၊ အုပ်စုများ၊ တစ်ဦးချင်း ပုဂ္ဂိုလ်များ၊ အွန်လိုင်းတွင်သာမက သင်ယူလေ့လာသော လူ့အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်အောင် ပုံစံဆွဲထားပါသည်။

နှစ်ပေါင်းများစွာအတွင်း အကောင်းဆုံး ပါဝင် ပစ္စည်းနှင့် အရည်အသွေး ရှိသော ဆုရ မီဒီယာစုံသင် သင်ခန်းစာများကို အလွန်ပင် တွက်ချေကိုက်စွာ ပြုစုထုတ်လုပ်ပေးသည့် နည်းစနစ်တစ်ခုကို ကျွန်ုပ်တို့ တိုးတက်ဖွံ့ဖြိုးလာစေခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ စာရေးသူများနှင့် အယ်ဒီတာများသည် ဓမ္မပညာပိုင်းဆိုင်ရာ လေ့ကျင့်မှု ရှိထားပြီးသော ပညာပေးသူများ ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဘာသာပြန်ဆိုသူများသည်လည်း သူတို့၏ ဦးတည် ဘာသာစကားများ၌ ဓမ္မပညာပိုင်းဆိုင်ရာ ကျွမ်းကျင်

လိမ္မာသော ဒေသစကားပြောသူများ ဖြစ်ကြပါသည်။ ကျွန်ုပ်တို့၏ သင်ခန်းစာများတွင်လည်း ကမ္ဘာတလွှားမှ ထောင်ပေါင်းများစွာသော ဂုဏ်အသရေ ရှိ စာသင်တိုက် ပါမောက္ခများနှင့် သင်းအုပ်ဆရာများ၏ ထိုးထွင်းအမြင်များ ပါဝင်ပါသည်။ ဖြည့်စွက်ပြောရလျှင် ကျွန်ုပ်တို့၏ ရုပ်ပုံ ဒီဇိုင်နာများ၊ ပန်းချီဆရာများ၊ ထုတ်လုပ်သူများသည် လုံးဝဥဿုံ ခေတ်မီသော ကရိယာများနှင့် နည်းလမ်းများကို သုံး၍ အမြင့်ဆုံး ထုတ်လုပ်မှု ဆိုင်ရာ စံနှုန်းများကို လိုက်နာထားပါသည်။

ကျွန်ုပ်တို့၏ ဖြန့်ချိရေး ဆိုင်ရာ ပန်းတိုင်များကို ပြီးမြောက်ရန် အတွက် သာ့ဒ်မစ်လ် အနေဖြင့် အသင်းတော်များ၊ စာသင်တိုက်များ၊ ကျမ်းစာကျောင်းများ၊ သာသနာပြုများ၊ ခရစ်ယာန် အသံလွှင့်သူများ၊ ဂြိုလ်တု ရုပ်မြင်သံကြား ဝန်ဆောင်မှုပေးသူများ၊ အခြားသော အဖွဲ့အစည်းများနှင့် မဟာဗျူဟာကျသော မိတ်ဖက်ဖြစ်မှုကို အခိုင်အမာ ပြုလုပ်ထားပါသည်။ ဤ ဆက်နွယ်မှုများကြောင့် ဒေသခံခေါင်းဆောင်များ၊ သင်းအုပ်ဆရာများ၊ စာသင်တိုက် စာသင်သားများသို့ ဗီဒီယို သင်ခန်းစာ အမြောက်အများကို ဖြန့်ဝေပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက်များ သည်လည်း ဖြန့်ချိရေး လမ်းကြောင်းများ အဖြစ် အသုံးတည့်နေသလို သင်၏ ကိုယ်ပိုင် လေ့လာသင်ယူ လူ့အဖွဲ့အစည်းကို မည်သို့ စတင်ရမည် ဆိုသည်နှင့် သက်ဆိုင်သည့် သင်ခန်းစာ ပစ္စည်းများ အပါအဝင် ကျွန်ုပ်တို့၏ သင်ခန်းစာများကို ထပ်ဆောင်းဖြည့်ဆည်းပေးရန် အတွက် နောက်ထပ် လိုအပ်သော ပစ္စည်းများကိုလည်း ပေးကမ်းပါသည်။

သာ့ဒ်မစ်လ်ကို အိုင်အာရ်အက်စ်က ကော်ပိုရေးရှင်း 501 C (3) အဖြစ်ဖြင့် အသိအမှတ်ပြုထားပါသည်။ ရက်ရောသည့် အသင်းတော်များ၏ အခွန်လွတ်ငြိမ်းခွင့် ရထားသည့် အလှူငွေများ၊ ဖောင်ဒေးရှင်းများ၊ စီးပွားရေး လုပ်ငန်းများနှင့် တစ်ဦးချင်း ပုဂ္ဂိုလ်များအပေါ်တွင် ကျွန်ုပ်တို့ အမှီပြုပါသည်။ ကျွန်ုပ်တို့၏ အမှုတော် အကြောင်း ပိုမိုသိရှိရန်နှင့် သင်မည်သို့ ပါဝင်နိုင်ကြောင်း လေ့လာရန် ကျေးဇူး ပြု၍ www.thirdmill.org သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# မာတိကာ


**နိဒါန်း ........ 1**

**ထပ်တလဲလဲ ပေါ်ပေါက်နေသော ပါဝင်အကြောင်းအရာ ........ 2**

**ယေရှု၌ နောက်ဆုံးသောကာလ ........ 2**

**ဓမ္မဟောင်း ထောက်ခံမှု........ 5**

သမိုင်းမှန်ဖြစ်သော သမိုင်းနောက်ခံများ ........ 6

ဓမ္မပညာဆိုင်ရာ အမြင်များ........ 6

ကျင့်ဝတ်ဆိုင်ရာ ဝန်တာများ........ 8

နောက်ဆုံးသောကာလဆိုင်ရာ ကြိုတင်ဟောပြောချက်များ........ 9

နန်းဆက်ဆိုင်ရာ စံများ ........ 10

**ဓမ္မဟောင်းနှင့် သည်းခံဖြတ်သန်းရေး ဆုံးမသြဝါဒပေးချက်များ ........ 11**

တုန့်ပြန်မှုများ ........ 12

လှုံ့ဆော်ချက်များ........ 13

**အလင်္ကာဆင်ယင် ဖွဲ့စည်းပုံ ........ 18**

**ကောင်းကင်တမန်အားဖြင့် အပ်နှင်းထားသော ဗျာဒိတ်ဖွင့်ပြချက်များ (၁း၁-၂း၁၈)........ 19**

**မောရှေ ၏ အခွင့်အာဏာ (၃း၁-၄း၁၃) ........ 21**

**မေလခိဇေဒက် ၏ ယဇ်ပုရောဟိတ် အရိုက်အရာ (၄း၁၄-၇း၂၈)........ 22**

**ပဋိညာဉ်သစ် ........ 26**

**လက်တွေ့ကျကျ သည်းခံဖြတ်သန်းခြင်း (၁၂း၁-၁၃း၂၅) ........ 31**

**နိဂုံး ........ 34**





ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။

# နိဒါန်း

လူတွေကို ကျွန်ုပ်တို့နှင့် သဘောတူလာအောင် ဆွဲဆောင်ချင်စိတ် ပေါ်စေသည့် အခြေအနေများထဲ ကျွန်ုပ်တို့ မကြာခဏ ကျရောက်တတ်သည်။ ဤအရာကို ဖြေရှင်းဖို့ နည်းလမ်းများစွာ ရှိပါသည်။ သို့သော် အထိရောက်ဆုံးနည်းလမ်းတစ်ခုမှာ အများနည်းတူ ကျွန်ုပ်တို့ ကိုင်စွဲထားသည့် ယုံကြည်ချက်များအပေါ် ဖြစ်နိုင်သမျှ တည်ဆောက်ခြင်းပင် ဖြစ်သည်။ ထို့နောက် အဆိုပါ တူညီသော အုတ်မြစ်အပေါ် အခြေပြုလျက် အခြားအရာတွေကို သူတို့ယုံကြည်လာစေဖို့ ကျွန်ုပ်တို့ ကြိုးစား နိုင်ကြပေသည်။ ထောင့်ပေါင်းစုံမှ ကြည့်ပါက ဟေဗြဲစာစောင် ရေးသူ လုပ်ခဲ့သည့်အရာသည် ဤအရာပင် ဖြစ်သည်။ သူတို့ ၏ ဒေသန္တရ ဂျူးလူ့အဖွဲ့အစည်းက ကိုင်စွဲသော ဩဝါဒသွန်သင်ချက်ဆီ ပြန်သွားခြင်းဖြင့် ညှင်းပန်းနှိပ်စက်မှုမှ ဘေးကင်းလုံခြုံရာကို ရှာဖွေရန် သွေးဆောင်ခံခဲ့ရသော အသင်းတော် တစ်ပါးဆီ သူရေးခဲ့သည်။ သို့ဖြစ်၍ ခရစ်တော်အပေါ် ဆက်လက် သစ္စာခိုင်မြဲရေး သူတို့ကို ဆွဲဆောင်ရေးအတွက် သူနှင့်တကွ သူ့ပရိသတ် တူညီစွာ စွဲကိုင်ထားသည့် ယုံကြည်ချက်တို့ အပေါ် အခြေပြုကာ တင်ပြချက်တစ်ခုကို သူ တတ်အားသရွေ့ တည်ဆောက်ခဲ့သည်။

ဤအရာသည် ကျွန်ုပ်တို့၏ ဟေဗြဲဩဝါဒစာ သင်ခန်းစာ စာစဉ်ထဲမှ ဒုတိယမြောက် သင်ခန်းစာ ဖြစ်ပြီး "ပါဝင် အကြောင်းအရာနှင့် ဖွဲ့စည်းပုံ" ဟု ခေါင်းစဉ် တပ်ထားပါသည်။ ဤသင်ခန်းစာထဲတွင် ခရစ်တော်အပေါ် သူ့ပရိသတ်တို့ ၏ ဝန်ခံအပ်နှံမှုကို အသစ်ပြုပြင်ရေးအတွက် သူတို့ကို ဆုံးမဩဝါဒပေးရန်အလို့ငှာ ဟေဗြဲစာစောင် ရေးသူက ဤဆွဲဆောင်မှု မဟာဗျူဟာကို မည်သို့ကျင့်သုံးခဲ့ကြောင်း ကျွန်ုပ်တို့ လေ့လာကြပါမည်။

ကျွန်ုပ်တို့၏ ဟေဗြဲဩဝါဒစာ ပါဝင် အကြောင်းအရာနှင့် ဖွဲ့စည်းပုံ သင်ခန်းစာအား အပိုင်း နှစ်ပိုင်း ခွဲပါမည်။ ပထမဦးစွာ စာစောင် ၏ အဓိက အပိုင်းတိုင်းတွင် ထပ်တလဲလဲ ပေါ်နေသည့် ပါဝင် အကြောင်းအရာကို ကျွန်ုပ်တို့ ကြည့်ကြပါမည်။ ဒုတိယအားဖြင့် အဆိုပါ ထပ်တလဲလဲ ပေါ်နေသည့် အခြေခံအချက်တို့အားဆွဲဆောင်မှုရှိသော တင်ပြချက်များအဖြစ်သို့ စာရေးသူက မည်သို့ မည်ပုံ ယက်လုပ် ရက်သန်း ပုံဖော်ကြောင်း ပြသည့် ဟေဗြဲစာစောင် ၏ အလင်္ကာဆင်ယင် ဖွဲ့စည်းပုံကို ကျွန်ုပ်တို့ လေ့လာဖော်ထုတ်ကြပါမည်။ ပထမ ဦးစွာ ဟေဗြဲစာစောင်ထဲ ထပ်တလဲလဲ ပေါ်ပေါက်နေသော ပါဝင်အကြောင်းအရာကို ကြည့်ကြပါစို့။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

# ထပ်တလဲလဲ ပေါ်ပေါက်နေသော ပါဝင်အကြောင်းအရာ

ပြီးခဲ့သည့် ကျွန်ုပ်တို့ သင်ခန်းစာထဲတွင် ဟေဗြဲစာစောင်ကို ခြုံငုံလွှမ်းမိုးနေသော ရည်ရွယ်ချက်အား ယခုလို အကျဉ်းချုပ်ခဲ့သည်။

> ဟေဗြဲစာစောင်ရေးသူသည် သူ့ပရိသတ်အား ဒေသဆိုင်ရာ ဂျူး သွန်သင်ချက်များကို ငြင်းပယ်ပြီး ယေရှုအပေါ် သစ္စာခိုင်မြဲရေး အားပေးတိုက်တွန်းရန် ရေးသားခဲ့သည်။

ကျွန်ုပ်တို့ ယခုသင်ခန်းစာသို့ ရောက်လာချိန်တွင် အခြေခံ တူညီချက်တို့ကို ထပ်ကာ ထပ်ကာ အသုံးပြုခြင်းဖြင့် စာရေးသူက သူ့ ရည်ရွယ်ချက်ကို မည်သို့ အကောင်အထည်ဖော်သွားကြောင်း ကျွန်ုပ်တို့ သိလိုကြပါသည်။

ဟေဗြဲစာစောင်ထဲ ထပ်တလဲလဲ ပေါ်နေသည့် ပါဝင်အကြောင်းအရာတို့ကို အသေးစိတ် လေ့လာခြင်းဖြင့် စာရေးသူသည် အဓိကကျသော အခြေခံ အချက် သုံးချက်ကို သုံး၍ သူ့ရည်ရွယ်ချက်ကို ဖော်ဆောင်ခဲ့ကြောင်း သိရသည်။ ပထမဦးစွာ သမိုင်းကြောင်းသည် ခရစ်တော်၌ ၎င်း၏ နောက်ဆုံးကာလဆီ ရောက်ခဲ့သည် ဆိုသည့်အပေါ် သူ အာရုံစိုက်စေခဲ့သည်။ ဒုတိယအားဖြင့် ဤယုံကြည်ချက်ကို ဓမ္မဟောင်းက ထောက်ခံကြောင်း သူတင်ပြခဲ့သည်။ နောက်ဆုံး တတိယအားဖြင့် သူ့ပရိသတ်တို့အား သူတို့၏ ခရစ်ယာန် ယုံကြည်ခြင်း၌ သည်းခံဖြတ်သန်းကြရန် ဆုံးမဩဝါဒပေးချက် အမြောက်အများကို သူပေးခဲ့သည်။ သမိုင်းကြောင်းသည် ယေရှု၌ နောက်ဆုံးကာလသို့ ဆိုက်ရောက်ခဲ့ကြောင်း စာရေးသူ ၏ ယုံကြည်ချက်နှင့် အစပြုကြပါစို့။

## ယေရှု၌ နောက်ဆုံးသောကာလ

"နောက်ဆုံးသောကာလ" ဟူသော ဖော်ပြချက်ကို ခရစ်တော် နောက်လိုက်များ ကြားသည့်အခါ အများစု၏ အတွေးသည် ဘုန်းတော်၌ ခရစ်တော်ပြန်ကြွလာချိန် ဝန်းရံဖြစ်ပေါ်သည့် အဖြစ်အပျက်များဆီ တစ်ခါတည်း ရောက်သွားတတ်ကြသည်။ ဘေးဒဏ်ကြီးကာလ၊ ချီဆောင်ခြင်း၊ နှစ်တစ်ထောင်ကာလ တို့လို အဖြစ်အပျက်များကို နားလည်အောင် ကျွန်ုပ်တို့ အများစုက အချိန်ကုန်ခံ အပင်ပန်းခံ ကြိုးစားလေ့ ရှိကြသည်။ သို့တစေ ဟေဗြဲစာစောင်ထဲက "နောက်ဆုံးသော ကာလအကြောင်း" ကျွန်ုပ်တို့ ပြောသည့်အခါ ခရစ်တော် ဒုတိယကြွခြင်းနှင့် အနီးကပ် ဆက်နွယ်ပတ်သက်နေသည့် အဖြစ်အပျက်တို့ထက် ပိုမိုကျယ်ပြန့်သည့် အကြောင်းအရာတစ်ခုကို ကျွန်ုပ်တို့ စဉ်းစားခြင်း ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ခရစ်ယာန် ဓမ္မပညာရှင်တို့က နောက်ဆုံးသောကာလအကြောင်း ကျမ်းစာသွန်သင်ချက်ကို "နောက်ဆုံးသောကာလများအကြောင်း ဩဝါဒ" ဟု ဖော်ညွှန်းလေ့ရှိသည်။ ဤ ပညာရပ်ဆိုင်ရာ ဝေါဟာရသည် "နောက်ဆုံး" သို့မဟုတ် "အပြီးသတ်" ဟု ဆိုလိုသော ဂရိစကား *အက်စ်ခါတို့စ်* မှ ဆင်းသက်လာသည်။ စိတ်ဝင်စားဖွယ်ကောင်းစွာပင် ဤ ဓမ္မသစ် အသုံးအနှုန်းသည် တရားဟောရာ ၄း၃၀ လောက် စောစီးစွာကပင် "နောင်ကာလ" ဟူ၍ ဓမ္မဟောင်းထဲ ဖော်ပြပါရှိနေသည်။ ဤနေရာတွင် မောရှေက ဣသရေလတို့အား ဘုရားသခင်ကို သူတို့ ဆန့်ကျင်ပုန်ကန်ပါက သူ့ကျွန်ဘဝ ကျရောက်လိမ့်မည်ဖြစ်ကြောင်း သတိပေးခဲ့သည်။ သို့သော် သူတို့ နောင်တရပါက "နောင်ကာလတွင်" သူ့ကျွန်ဘဝမှသည် ဘုရားသခင့်ထံတော်မှလာသော တုနှိုင်းမဲ့ ကောင်းချီးများဆီသို့ သူတို့ ပြန်လာကြမည်ဖြစ်ကြောင်း စိတ်ချမှုကို သူတို့အား ပေးခဲ့သည်။ ဓမ္မဟောင်း ပရောဖက်တို့သည်လည်း ဣသရေလတို့ ကျွန်ဘဝမှ ပြန်လည်လွတ်မြောက်လာခြင်းနှင့် တွဲဖက်နေသည့် အဖြစ်အပျက်တို့အား "နောက်ဆုံးသောကာလ၌" ဖြစ်ပျက်သည့်အနေနှင့် ပြောဆိုခဲ့ကြသည်။

ဟေဗြဲ ၁း၁-၂ အရ ဟေဗြဲစာစောင်ရေးသူသည် သူ့စာစောင်ကို ရေးစဉ်က သူ့စိတ်ထဲ နောက်ဆုံးသောကာလအကြောင်း စဉ်းစားနေခဲ့ကြောင်း ရှုမြင်ဖို့ လွယ်ပါသည်။ သူရေးသော အစအဦးဆုံး အရာကို နားထောင်ကြည့်ပါ။

> ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ် အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည် ဤနောက်ဆုံး ကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ (ဟေဗြဲ ၁း၁-၂)။

အဆိုပါ အဖွင့်ကျမ်းချက်တို့က ခရစ်တော်၌ ဘုရားသခင် ပြုခဲ့ပြီးသည့်အရာကို "ဤနောက်ဆုံး" သို့မဟုတ် နောက်ဆုံးသော"ကာလအခါ" တွင် ဖြစ်ပျက်ဘိသကဲ့သို့ ဖော်ပြနေကြောင်း သတိပြုပါ။ ဤအရာအားဖြင့် ဟေဗြဲ စာရေးသူက ဘာကို ဆိုလိုခဲ့ခြင်း ဖြစ်ပါသနည်း။ သူ့အတွက် နောက်ဆုံးသောကာလဆိုင်ရာ သွန်သင်ချက်သည် အဘယ်ကြောင့် အရေးကြီးလွန်းလှပါသနည်း။

> စဖွင့်သည်နှင့် ဟေဗြဲစာစောင် ပထမဆုံး ကျမ်းချက်၌ ယေရှုသည် သူ့ မတိုင်ခင် ပေါ် ခဲ့သော ပရောဖက်ပြုစကားများ၏ ပြည့်စုံချက် ဖြစ်ကြောင်းကို သူတို့အား သူ သိစေလိုခဲ့သည်။ "ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား အထပ်ထပ် အနည်းနည်း ဗျာဒိတ်ပေးတော်မူသော ဘုရားသခင်သည် ဤနောက်ဆုံး ကာလအခါ မိမိသားတော်အားဖြင့် ငါတို့အား ဗျာဒိတ်ပေးတော်မူပြီ" ဟု သူပြောဆိုပြီး ယေရှုသည် သူ့ရှေ့မှာ ပြောဆိုခဲ့သမျှ အရာရာတို့ ပြည့်စုံလာချက် ဖြစ်သည်ဟု ဆိုလိုသည်။ သူသည် သခင်ဘုရား၏ ကြွလာခြင်း၊ သခင်ဘုရား၏ နေ့ရက်ရောက်လာခြင်း၊ နိုင်ငံတော် ဝင်ပေါက်၊

ဘုရားသခင်ပြောလိုသည့် လူ့သမိုင်းကြောင်း အတွက် အဆုံးသတ်စကား ဖြစ်သည်။ ထိုအရာကို ယေရှု၌ ရှာတွေ့သည်။

**Dr K. Erik Thoennes**

ဟေဗြဲစာစောင်ထဲက နောက်ဆုံးသောကာလ အကြောင်းနားလည်ရန်အတွက် ဓမ္မဟောင်းကာလပြီးဆုံးကာနီး ဖြစ်ပေါ်ခဲ့သည့် ဣသရေလ သမိုင်းကြောင်း အချိုးအကွေ့များကို ဖြတ်ပြီး ဓမ္မဟောင်း/ ဓမ္မသစ် ကြားကာလထဲ ကျွန်ုပ်တို့ တိုးဝင်ကြည့်ဖို့ လိုပါသည်။ ရှင်ဘုရင်များအုပ်စိုးသည့်ကာလ၌ ဣသရေလသည် ဘုရားသခင်ကို ဆန့်ကျင်ပုန်ကန်သည့် အခြေအနေထဲသို့ နစ်သည်ထက်နစ်သွားခဲ့သည်။ ဘုရားသခင်သည်လည်း အဆုံး၌ အာရှုရိ စစ်သည်တို့ကို စေလွှတ်ပြီး မြောက်ပိုင်းဣသရေလ အများပိုင်းကို ကျွန်ဘဝထဲ ကျစေခဲ့သည်။ ထို့နောက်တွင် ဘုရားသခင်သည် ယုဒပြည်အပေါ်အလားတူ လုပ်ဆောင်ဖို့ ဘာဗုလုန် စစ်သည်တို့ကို စေလွှတ်ခဲ့ပြန်သည်။ ၅၃၈ ဘီစီ ဝန်းကျင်တွင် ဣသရေလနှင့် ယုဒလူမျိုး အကြွင်းအကျန်တို့သည် နောက်ဆုံးသောကာလအခါ၌ တရားစီရင်ခြင်းနှင့် ကောင်းချီးများကို ဘုရားသခင် သွန်းလောင်းလိမ့်မည်ဟု မျှော်လင့်ချက်ဖြင့် ကတိတော်နယ်မြေသို့ ပြန်လာခဲ့ကြသည်။ သို့သော် အများပိုင်းက နောင်တရခဲ့ခြင်း မရှိပေ။ ထို့ကြောင့် အကျိုးရလာဒ်အနေဖြင့် ဣသရေလသည် မေဒိ၊ ပေရသိလူများ၊ ဟေလသလူများနှင့် တကွ နောက်ဆုံး ရောမအင်ပါယာတို့၏ ဖိနှိပ်အုပ်စိုးမှုအောက်တွင် နှစ်ပေါင်း ငါးရာခန့် ဒုက္ခခံရန် ကြုံမှာငင်ခဲ့သည်။

ဓမ္မဟောင်းနှင့် ဓမ္မသစ်ကြားကာလအတွင်း ဂျူးလူ့အဖွဲ့အစည်း အများစုသည် နောက်ဆုံးသောကာလအခါ၌ ဘုရားသခင့် တရားစီရင်ချက်နှင့် ကောင်းချီးများ ရောက်လာလိမ့်မည် ဖြစ်ကြောင်း မျှော်လင့်ချက်အပေါ်စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားခဲ့ကြသည်။ ဤမျှော်လင့်ချက်သည် သူတို့အတွက် အလွန်အရေးပါရကား သမိုင်းကြောင်းတစ်ခုလုံးကို ကြီးကျယ်သော ခေတ်ကာလနှစ်ခု အဖြစ် သူတို့ပိုင်းခြားခဲ့ကြသည်။ သူတို့နေထိုင်အသက်ရှင်ခဲ့သည့် အချိန်ကာလကို "ယခုဘဝ" ဟု ခေါ်ဆိုပြီး ၎င်းသည် ဣသရေလတို့၏ ကျရှုံးမှုနှင့် သူ့ကျွန်ဘဝကျရောက်မှုကို ဖြစ်စေသည့် အပြစ်ဘဝကို ဆိုလိုသည်။ ထို့ပြင် သူတို့သည် ဘုရားသခင်က ကိုယ်တော့် ရန်မာန်များအပေါ်အဆုံးသတ် တရားစီရင်ချက်များကိုငင်း၊ ကိုယ်တော့် သစ္စာရှိနောက်လိုက်တို့အပေါ်ဘုန်းနှင့် ပြည့်စုံသော ကောင်းချီးများကိုငင်း အသီးသီး သွန်းလောင်းမည့် အချိန်အား "နောင်ဘဝ" အဖြစ် ခေါ်ဆိုခဲ့ကြသည်။ ထိုမျှမက ဓမ္မဟောင်း ပရောဖက်ပြုချက်တို့အပေါ်အခြေခံ၍ ယခုဘဝမှ နောင်ဘဝ အကူးအပြောင်းကို ယူဆောင်လာပေးဖို့ ဒါဝိဒ်၏ ကြီးမြတ်သော သားတော် မေရှိယကို ဘုရားသခင် စေလွှတ်မည် ဆိုသည်ကိုလည်း သူတို့ သိခဲ့ကြသည်။

နောက်ဆုံးသောကာလသွန်သင်ချက်အပေါ်စူးစိုက်ခြင်းဖြင့် ဟေဗြဲစာရေးသူသည် သူ့ပရိသတ်အပါအဝင် ပိုမိုကျယ်ပြန့်သည့် ဂျူး လူ့အဖွဲ့အစည်းတို့နှင့်အတူတကွ သူဆွဲကိုင်ထားသည့် ယုံကြည်ချက်တစ်ခုအပေါ်တည်ဆောက်ခဲ့သည်။ သို့သော် တစ်ချိန်တည်းမှာပင် ယေရှု၌ ယုံကြည်ခြင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှိသူတို့နှင့် မရှိသူတို့ မည်သည့်နေရာတွင် လမ်းခွဲသွားခဲ့ကြသည်ကိုလည်း မကြာခဏ သူ ညွှန်ပြခဲ့သည်။ မယုံကြည်သူ ဂျူးတို့က မေရှိယသည် ယခုဘဝနှင့် နောင်ဘဝကြား အံ့ဩစိတ်လှုပ်ရှားဖွယ်ရာ အကြီးအကျယ် ပျက်ဆီးပြိုလဲစေသည့် အကူးအပြောင်းမျိုးကို ယူဆောင်လာလိမ့်မည်ဟု စွဲမှတ်ခဲ့ကြသည်။ သို့သော် ခရစ်တော်နောက်လိုက်တို့ကမူ ယေရှုသည် နောက်ဆုံးကာလ အချိန်အခါကို အဆင့် သုံးဆင့်ခွဲ၍ ယူဆောင်လာမည့်အကြောင်း သင်ယူခဲ့ကြသည်။ ၎င်းတို့မှာ ကိုယ်တော် ပထမကြွလာခြင်းအားဖြင့် မေရှိယ၏ နိုင်ငံတော်ကို အစပြုခြင်း၊ အသင်းတော်သမိုင်း တစ်လျှောက် သူ၏ မေရှိယနိုင်ငံတော်ကို ဆက်လက် ဖြစ်ပေါ်စေခြင်းနှင့် ဘုန်းတော်၌ ကိုယ်တော်ပြန်ကြွလာချိန်တွင် သူ၏ မေရှိယနိုင်ငံတော်ကို အဆုံးသတ်ပြီးပြည့်စုံစေခြင်းတို့ ဖြစ်ကြသည်။ ဓမ္မသစ်စာရေးသူတို့သည် တမန်တော် ၂း၁၇ နှင့် ၂ ပေ ၃း၃ တို့လို ကျမ်းပိုဒ်များထဲတွင် အဆိုပါ အဆင့် သုံးဆင့်လုံးအား "နောက်ဆုံးသောကာလ" အဖြစ် ဖော်ပြခဲ့သည်။

ဟေဗြဲစာစောင်ရေးသူသည် "နောက်ဆုံးသောကာလ" နှင့် အလားတူသဘောရှိသည့် ဝေါဟာရအား ခြောက်ကြိမ်ထက်မနည်း သုံးခဲ့သည်ကို ထောက်လျှင် ဤ အာဘော်၏ အရေးကြီးပုံကို ကျွန်ုပ်တို့ ခံစားမိနိုင်ကြပါသည်။ ဟေဗြဲ ၂း၅ အရ ဘုန်းတော်၌ ခရစ်တော် ပြန်ကြွလာချိန်အား "နောင်ဘဝ" ဟု သူရေးခဲ့သည်။ ၆း၅ အရ သူ့ပရိသတ်အများကြား တွေ့ကြုံခဲ့ပြီးပြီ ဖြစ်သည့် “နောင်ကပ်ကာလ၏ တန်ခိုးများ” ကို သူ ဖော်ညွှန်းခဲ့သည်။ ၉း၁၁ အရ ခရစ်တော်အား ယခုတွင် "ရောက်ရှိနေပြီဖြစ်သည့် နောက်မင်္ဂလာ အကျိုးတို့" ၏ ယဇ်ပုရောဟိတ်အဖြစ် သူ ဖော်ပြခဲ့သည်။ ၉း၂၆ အရ လောကမြေပေါ် ယေရှု အမှုတော်ဆောင်ချိန်အား "ဤကပ်ကာလ အဆုံး" ဟူ၍ သူ ရည်ညွှန်းခဲ့သည်။ ၁၀း၁ တွင် ခရစ်တော် ပူဇော်သောယဇ်၏ အကျိုးကျေးဇူး ဖြစ်သော ကောင်းချီးများအား "နောက်ဖြစ်လတံ့သော မင်္ဂလာ အကျိုး" ဟူ၍ သူ ပြောဆိုခဲ့သည်။ ထို့ပြင် ၁၃း၁၄ တွင်လည်း ခရစ်တော်နောက်လိုက်တို့၏ အဆုံးသတ် မျှော်လင့်ချက်အား "နောက်ဖြစ်လတံ့သောမြို့" ဟူ၍ သူဖော်ပြခဲ့သည်။ နောက်ဆုံးသောကာလကို အဆိုပါ အများသိ ပုံစံများဖြင့် ရည်ညွှန်းဖော်ပြမှု အကြိမ်ရေက စာရေးသူ၏ ရည်ရွယ်ချက်အတွက် ဤအာဘော် မည်မျှလောက် လေးနက်အရေးပါကြောင်း ကျွန်ုပ်တို့အား တစေ့တစောင်း ပြောပြသည်။

ယခုတွင် ဟေဗြဲစာစောင်ထဲ ထပ်တလဲလဲ ပါနေသည့် အကြောင်းအရာထဲတွင် ယေရှု၌ နောက်ဆုံးသောကာလ အပေါ်စူးစိုက်ချက် မည်သို့ ပါနေကြောင်း ကျွန်ုပ်တို့ တွေ့ပြီး ဖြစ်၍ သူ၏ ဓမ္မပညာဆိုင်ရာ အမြင်များအတွက် ဓမ္မဟောင်းကျမ်းထောက်ခံမှုအား သူမည်သို့ ရယူခဲ့သည် ဆိုသည့် ဒုတိယမြောက် ထပ်တလဲလဲ ပါရှိချက်ဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။

## ဓမ္မဟောင်း ထောက်ခံမှု

အများစု တွက်ချက်မှုများအရ ဟေဗြဲစာစောင်သည် ဓမ္မဟောင်းကျမ်းအား အကြိမ် ၁၀၀ နီးနီး ကိုးကားခြင်း၊ မှီငြမ်းခြင်း သို့မဟုတ် ရည်ညွှန်းခြင်းများ ပြုလုပ်ခဲ့သည်။ အဆိုပါ ဓမ္မဟောင်းကျမ်းချက်တို့နှင့် အပြန်အလှန် ဆက်သွယ် ကိုးကားထားချက်များသည် စာရေးသူ ၏



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရည်ရွယ်ချက်အတွက် အလွန်ပင် အရေးပါလှရကား သူ့စာစောင်၏ အဓိက အပိုင်းရှိသမျှ၌ ၎င်းတို့ ပါရှိနေကြမြဲဖြစ်သည်။ ဟုတ်ပါသည်။ ဘာကြောင့် ဆိုသည်ကို သိဖို့ မခက်ပါ။ ဒေသန္တရ ဂျူး လူ့အဖွဲ့အစည်း၏ သွန်သင်ချက်တို့ကို စိမ်ခေါ် တုန့်ပြန်ရန် ဟေဗြဲစာစောင် ရေးသူသည် သန့်ရှင်းသောကျမ်းအဖြစ် အများသူငါ စွဲမှတ်ထားသည့် အများသိ ဓမ္မဟောင်းကျမ်းမှတ်တမ်း အကူအညီကို ရယူခဲ့သည်။

## သမိုင်းမှန်ဖြစ်သော သမိုင်းနောက်ခံများ

ဤသင်ခန်းစာ ၏ ရည်ရွယ်ချက်အရ ဓမ္မဟောင်းမှ တိုက်ရိုက်ဖော်ပြချက်တို့အား ဟေဗြဲစာစောင်ရေးသူက အကြိမ်ကြိမ် ထိတွေ့ဆွေးနွေးခဲ့ပုံကို အဓိက နည်းလမ်း ငါးခု အဖြစ် ခွဲခြားကြည့်ခြင်းသည် အထောက်အကူ ရပါသည်။ ပထမအားဖြင့် ဓမ္မဟောင်းထဲမှ သမိုင်းမှန်ဖြစ်သော သမိုင်းနောက်ခံများဆီ အာရုံစိုက်အောင် သူလုပ်ခဲ့သည်။

အလွယ်ဆိုရလျှင် စာရေးသူသည် ဟေဗြဲကျမ်းစာထဲက အသေးစိတ်သမိုင်း အချက်အလက်အချို့ကို ပြန်တွေးတောပြီး စကားလုံးအချို့ကို ကိုးကားခဲ့သည်။ ထို့နောက် သူ၏ ခရစ်ယာန် ယုံကြည်ခြင်းဆိုင်ရာ တင်ပြချက်ထဲ ပေါင်းစည်းထည့်သွင်းခဲ့သည်။ သာဓကအားဖြင့် ဟေဗြဲ ၇း၂ တွင် "ရှာလင်မင်းကြီး မေလခိဇေဒက်" ဟူသော အမည်သည် "တရားမင်း"၊ "ငြိမ်သက်ခြင်းမင်း ဟု ဆိုလိုကြောင်း ကမ္ဘာဦး ၁၄း၁၈ အရ သူ ရှင်းပြခဲ့သည်။ ဤ သမိုင်းမှန် ဖြစ်သော သမိုင်းနောက်ခံသည် ယေရှုနှင့် မေလခိဇေဒက် အကြား နှိုင်းယှဉ်မှုကို အထူး အားကောင်းစေခဲ့သည်။

နောက်ထပ် သာဓက အနေဖြင့် ဟေဗြဲ ၁၂း၂၀ နှင့် ၂၁ တို့တွင် စာရေးသူသည် ထွက်မြောက်ရာ ၁၉း၁၂၊ ၁၃ နှင့် တရား ၉း၁၉ တို့မှာ အစီရင်ခံထားသည့် ဣသရေလတို့ သိနာတောင်၌ ကြောက်ရွံ့တုန်လှုပ်ကြပုံကို ဂရုစိုက်ထားသည်။ ထို့နောက် ဣသရေလတို့၏ ကြောက်ရွံ့ခြင်းနှင့် ခရစ်တော်နောက်လိုက်တို့အတွက် ကောင်းကင် ယေရုရှလင်၌ ရှိသည့် ဝမ်းမြောက်ခြင်းတို့ကို နှိုင်းယှဉ်ခြားနားပြခဲ့သည်။

## ဓမ္မပညာဆိုင်ရာ အမြင်များ

ဒုတိယအားဖြင့် စာရေးသူသည် သူ့ကာလတွင် မှန်ကန်နေဆဲဖြစ်သည့် ဓမ္မဟောင်းထဲ အခြေခိုင်ပြီးသား ဆက်လက်တည်မြဲနေသည့် ဓမ္မပညာဆိုင်ရာ အမြင်များကိုလည်း ဂရုပြုခဲ့သည်။

အဆိုပါကိစ္စများနှင့်စပ်လျဉ်း၍ သာမန် သမိုင်းအချက်အလက်တို့ကို ဂရုပြုခြင်းအစား ဟေဗြဲကျမ်းစာက အခိုင်အမာ အတည်ပြုထားသည့် ဓမ္မပညာဆိုင်ရာ ယုံကြည်ချက်များအပေါ်တွင်ပါ စာရေးသူက စူးစိုက်ထားသည်။

သာဓကအားဖြင့် ဟေဗြဲ ၁း၅ တွင် စာရေးသူသည် ၂ ဓမ္မ၇း၁၄ သို့မဟုတ် ၎င်းနှင့် တူညီသော ၁ ရာချုပ် ၁၇း၁၃ ကို မှီငြမ်းကိုးကားခဲ့သည်။ ဤနေရာတွင် ဘုရားသခင်က ဒါဝိဒ်နန်းဆက်ထဲက



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရှင်ဘုရင်ရှိသမျှသည် ဒါဝိဒ်လက်ထက်မှ စ၍ ဘုရားသခင့် သား ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံကြရမည် ဖြစ်ကြောင်း ကြေညာခဲ့သည်။

ဟေဗြဲ ၁း၇ တွင် စာရေးသူသည် ကောင်းကင်တမန်များအား အစေခံ နာမ် ဝိညာဉ်များအဖြစ် ဖော်ပြရာ ဆာလံ ၁၀၄း၄ ကို ကိုးကားခဲ့သည်။

ဟေဗြဲ ၂း၆-၈ တွင် ဆာလံ ၈း၄-၆ ကို သူ ဖော်ပြခဲ့သည်။ ကောင်းကင်တမန်များမဟုတ်၊ လူသားမျိုးနွယ်က ခရစ်တော်နှင့်အတူ ဖန်ဆင်းခံရှိရှိသမျှအပေါ် အုပ်စိုးမည့်အချိန်မတိုင်မီအထိ လူသားတို့အား ကောင်းကင်တမန်များထက် နိမ့်ကျစေရန် ဘုရားသခင် ပြဋ္ဌာန်းထားခဲ့ပြီး ဖြစ်သည်။

ဟေဗြဲ ၂း၁၃ သည် ဟေရှာယ ၈း၁၇ နှင့် ၁၈ တို့ကို ကိုးကားထားသည်။ ဘုရားသခင့် သက်သေထူခြင်း ဆိုင်ရာ ကောင်းချီး မင်္ဂလာတို့အား အာဗြဟံ၏ လူသား မိသားစုဝင်များထဲ မျှဝေခံစားကြမည် ဖြစ်ပြီး ကောင်းကင်တမန်များကြား မျှဝေခံစားမည် မဟုတ်ကြောင်း အဆိုပါ ကျမ်းချက်တို့က ထင်ရှားပြသနေကြသည်။

ဟေဗြဲ ၆း၁၃ နှင့် ၁၄ တို့တွင် စာရေးသူသည် ကမ္ဘာဦး ၂၂း၁၇ ပါ အာဗြဟံသို့ ဘုရားသခင် ကျိန်ဆိုတော်မူခြင်းအကြောင်းကို ဖော်ပြခဲ့သည်။ အာဗြဟံသို့ ကိုယ်တော်ထားတော်မူသော ကတိတော်သည် အစဉ်အမြဲတည်ပြီး ဓမ္မသစ်ကာလထိတိုင်အောင် အကျုံးဝင်ကြောင်း ဤနေရာတွင် ဘုရားသခင် ပြဋ္ဌာန်းခဲ့သည်။

ဟေဗြဲ ၁၂း၂၉ တွင် စာရေးသူသည် တရားဟောရာ ၄း၂၄ ကို ကိုးကားပြီး ဘုရားသခင်သည် လောင်သောမီး ဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ဘုရားသခင်သည် ခရစ်တော်အားဖြင့် လောင်သောမီး ဖြစ်နေဆဲ ဖြစ်ကြောင်း သူ့သွန်သင်ချက်ကို ခိုင်မာစေရန် ဤအချက်ကို သူဖော်ပြခဲ့ခြင်း ဖြစ်သည်။

အလားတူ သာဓကများကို ဟေဗြဲ ၄း၄-၇၊ ၈း၅၊ ၉း၂၀၊ ၁၀း၃၀-၃၁၊ ၁၀း၃၈ နှင့် ၁၃း၅ တို့တွင်လည်း တွေ့ရသည်။ ဓမ္မဟောင်းတွင် ပြဋ္ဌာန်းထားသော ဓမ္မပညာဆိုင်ရာ အမြင်အချို့တို့သည် ဓမ္မသစ်ကာလမှာလည်း ဆက်လက် မှန်ကန်နေခဲ့ကြောင်း အဆိုပါ ကျမ်းချက်အားလုံး၌ စာရေးသူက အခိုင်အမာ ပြောဆိုခဲ့သည်။

> သူ အခိုင်အမာပြောဆိုသမျှအားလုံးသည် ဓမ္မဟောင်းထက် ယေရှု သာလွန်ကြီးမြတ်ကြောင်းသာ ဖြစ်သည်။ သို့သော် မည်သည့်နေရာတွင်မျှ ဓမ္မဟောင်းကို ဘေးချိတ်ထားဖို့ သူ မကြိုးစားခဲ့သလို ဓမ္မဟောင်းခေတ် ကုန်သွားပြီ၊ ၎င်းအား အလွယ်တကူ ခုန်ကျော်၍ ရပြီ၊ သို့တည်းမဟုတ် ကျွန်ုပ်တို့၌ ယေရှု ရှိပြီဖြစ်၍ ၎င်းကို ဖတ်စရာ မလိုတော့ဟု ဇွတ်အတင်း ပြောဆိုခြင်းမျိုးလည်း မရှိပါ။ ထိုသဘောကို မည်သည့်နေရာတွင်မျှ အရိပ်အမြွက်ပင် မတွေ့ရပါ။ နေရာတိုင်းတွင် ဟေဗြဲစာရေးသူသည် ဓမ္မဟောင်းကျမ်းအား အလွန်ပင် သန့်ရှင်းဖြူစင်သော လေးစားသမှုဖြင့် ထိတွေ့ကိုင်တွယ်ခဲ့သည်။ ၎င်းသည် ဘုရားသခင့် နှုတ်ကပတ်တော် ဖြစ်ကြောင်းကို သူသဘောပေါက်ပါသည်။ သို့တစေ ပို၍ အရေးကြီးသည်မှာ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သွာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ယေရှုမည်သူ ဖြစ်ကြောင်း နားလည်သဘောပေါက်စေသည့် ကဏ္ဍရှိသမျှတို့ကို ပြဌာန်းမှတ်ပေးသောအရာသည် ဓမ္မဟောင်းသာလျှင် ဖြစ်သည် ဆိုသည့် အချက် ဖြစ်သည်။ ယေရှုသည် ယဇ်ပုရောဟိတ်မင်းတစ်ပါး ဖြစ်သည်။ ယဇ်ပုရောဟိတ်မင်း ဆိုသည်မှာ အဘယ်နည်း။ ဓမ္မဟောင်းတွင် ၎င်းအား ပြဌာန်းသတ်မှတ်ပြီးသား ဖြစ်သည်။ သီးသန့် ယဇ်ပူဇော်မှုမျိုးကို သူပြုလုပ်ပေးသည်။ သွေးသည် ဘာကို ဆိုလိုပါသနည်း။ တဲတော်၏ အသန့်ရှင်းဆုံး ဌာနဆိုသည်မှာ ဘာကို ဆိုလိုပါသနည်း။ မှန်ပါသည်။ ဟေဗြဲစာစောင်အရ ၎င်းသည် ကောင်းကင်တဲတော် ဖြစ်ပါသည်။ သို့သော် ထိုအရာသည် ပထမတွင် မြေကြီးပေါ်က တဲတော်အားဖြင့်၊ ထို့နောက်တွင် ရှောလမုန်တည်ဆောက်သော တဲတော်အားဖြင့် ဖော်ပြသော ကဏ္ဍတစ်ခုအဖြစ် ပြဌာန်းသတ်မှတ်ထားနှင့်ပြီးဖြစ်သည်။ ကဏ္ဍ အမျိုးအပြားအား တစ်ကိုယ်ရည် ကျင့်ကြံပြုမူခြင်း အဆင့်မှာပင်လျှင် ဥပမာ ဟေဗြဲ အခန်းကြီး ၁၁ ပါ ဓမ္မဟောင်း၏ စံယုံကြည်ခြင်း အင်္ဂါရပ်ကဖြစ်စေ သို့တည်းမဟုတ် ဟေဗြဲ အခန်းကြီး ၃ အဆုံးပိုင်း၌ တောကန္တာရအတွင်း ပျက်ဆီး ပျောက်ကွယ်သွားကြသောသူတို့၏ မကောင်းသော ပုံသက်သေအားဖြင့် ဖြစ်စေ ပြဌာန်းသတ်မှတ်ပေးထားသည်။ ထိုအရာရှိသမျှအား ဓမ္မဟောင်းကျမ်းထဲမှ ထုတ်ယူထားခြင်း ဖြစ်သည်။

**Dr D. A. Carson**

## ကျင့်ဝတ်ဆိုင်ရာ ဝန်တာများ

တတိယအားဖြင့် ဟေဗြဲစာစောင် ရေးသူသည် ဆက်လက်တည်မြဲနေသော ကျင့်ဝတ်ဆိုင်ရာ ဝန်တာများကိုလည်း ဂရုပြုခဲ့သည်။ ဘုရားသခင်သည် ဓမ္မဟောင်းကာလက သူ့လူမျိုးတော်အပေါ် ကျင့်ဝတ်စောင့်ထိန်းခြင်းဆိုင်ရာ သီးသန့် တောင်းဆိုချက်များ ချမှတ်ခဲ့ကြောင်း အဆိုပါ အရေးကိစ္စတို့တွင် စာရေးသူ ပြညွှန်ခဲ့သည်။ အဆိုပါ ဝန်တာတို့သည်လည်း ဓမ္မသစ်ကာလ ဘုရားသခင့်လူတို့ လိုက်နာရန် စံနှုန်းများအဖြစ် ဆက်လက်တည်မြဲနေခဲ့သည်။

သာဓကအားဖြင့် ဟေဗြဲ ၃း၇-၁၅ တွင် ဘုရားသခင်အား ပုန်ကန်ဆန့်ကျင်ခြင်း မပြုရန် ဆာလံ ၉၅း၇-၁၁ က သွန်သင်ကြောင်း သူညွှန်ပြခဲ့သည်။

ဘုရားသခင့် ဆုံးမပဲ့ပြင်ခြင်းကို စိတ်မပျက်ဖို့ ဣသရေလတို့ကို သုတ္တံ ၃း၁၁ နှင့် ၁၂ တို့တွင် တိုက်တွန်းထားကြောင်း ဟေဗြဲ ၁၂း၅ နှင့် ၆ တို့ကလည်း ပြဆိုခဲ့သည်။

သုတ္တံ ၄း၂၆ ကို လိုက်နာပြီး ဖြောင့်မတ်ခြင်းတရားလမ်း၌ ဆည်းကပ်ရန် ဟေဗြဲ ၁၂း၁၃ က သူ့ပရိသတ်ကို ဆုံးမထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တဖန် ဟေဗြဲ ၁၃:၆ တွင်လည်း ဆာလံ ၁၁၈:၆-၇ ကို ကိုးကားလျက် ဘုရားသခင်ထံ စိတ်ချမှုဖြင့် ဝန်ခံဖို့ သူ့ပရိသတ်ကို စာရေးသူက တိုက်တွန်းထားသည်။

အဆိုပါ ကိုးကားရည်ညွှန်းချက်မှန်သမျှသည် ခရစ်တော်နောက်လိုက်များအတွက် ဓမ္မဟောင်း ကျင့်ဝတ်ဆိုင်ရာ ဝန်တာများ ဆက်လက်အကျိုးသက်ရောက်မှု ရှိနေခဲ့ကြောင်း ပြညွှန်နေသည်။

## နောက်ဆုံးသောကာလဆိုင်ရာ ကြိုတင်ဟောပြောချက်များ

စတုတ္ထအနေဖြင့် စာရေးသူသည် ဓမ္မဟောင်းကျမ်းထဲမှ နောက်ဆုံးသောကာလဆိုင်ရာ ကြိုတင်ဟောပြောချက် အမြောက်အများကို ကိုးကားခဲ့သည်။

ကျမ်းပိုဒ်များစွာထဲတွင် ဓမ္မဟောင်း စာရေးသူတို့သည် နောက်ဆုံးသောကာလ အကြောင်း ကြိုတင်ဟောပြောခဲ့ကြသည်။ ဣသရေလတို့ သုံ့ကျွန်ဘဝ ပြီးဆုံးချိန်နှင့် ကမ္ဘာတလွှား ဘုရားသခင့် အောင်မြင်သော နိုင်ငံတော်ကို ဖြန့်ကျက်ချိန်တို့၌ ဘုရားသခင် လုပ်ဆောင်မည့်အရာ အကြောင်း သူတို့ ရေးခဲ့ကြသည်။ ဟေဗြဲစာစောင်ရေးသူသည် ဘုရားသခင့် အဆုံးသတ် တရားစီရင်ခြင်းများနှင့် ကောင်းချီးများ ခရစ်တော်၌ ပြည့်ဝ စုံလင်ကြောင်း ပြသရန် ဓမ္မဟောင်း မှ နောက်ဆုံးသောကာလဆိုင်ရာ ကြိုတင်ဟောပြောချက် အတော်များများကို သုံးခဲ့သည်။

သာဓကအားဖြင့် ဟေဗြဲ ၁:၆ သည် တရား ၃၂:၄၃ အား ဓမ္မဟောင်းကို ဂရိလို ပြန်ဆိုချက် ဖြစ်သည့် ဆက်ပ်ကျူးအေးဂျင့်ကျမ်းထဲ ပြန်ဆိုထားသည့်အတိုင်း ဂရုပြုထားသည်။ ဤကျမ်းပိုဒ်က ကိုယ်တော့် ရန်မာန်ရှိသမျှအပေါ် ဘုရားသခင် အဆုံးသတ် အနိုင်ယူအောင်ပွဲဆင်ချိန်တွင် ကောင်းကင်တမန်တို့ ပျပ်ဝပ် နှိမ့်ချ ကိုးကွယ်ကြမည်ဖြစ်ကြောင်း ပြောပြသည်။

အလားတူ ဟေဗြဲ ၁:၁၀-၁၂ တွင်လည်း စာရေးသူသည် ဆာလံ ၁၀၂:၂၅-၂၇ ကို ကိုးကားခဲ့သည်။ ကောင်းကင်တမန်များ အကြီးအကျယ် ဂုဏ်ပြုချီးမြှောက်ထားသော လက်ရှိ ဖန်ဆင်းခြင်း အစီအစဉ်သည် သမိုင်းကြောင်း အဆုံး၌ ဖျက်ဆီးခံရလိမ့်မည် ဖြစ်ကြောင်း ဤကျမ်းချက်က ကြိုတင်ဟောပြောသည်။

သူ၏ ကြီးမြတ်သောသားတော်သည် စကြဝဠာ တစ်ခွင် အုပ်စိုးခြင်း အာဏာစက် ရှိမည် ဆိုသည့် ဒါဝိဒ်၏ ကြိုတင်ဟောပြောချက်က ကောင်းကင်တမန်တို့အထက်၌ မေရှိယကို ချီးမြှောက်ထားကြောင်း ပြသဖို့ ဟေဗြဲ ၁:၁၃ ထဲ၌ ဆာလံ ၁၁၀:၁ ကို မှီငြမ်းထားသည်။

ဟေဗြဲ ၅:၆ နှင့် ၇:၁၇ တို့တွင် စာရေးသူသည် ဆာလံ ၁၁၀:၄ ကို ကိုးကားထားသည်။ ဒါဝိဒ် ၏ ကြီးမြတ်သောသားသည် သူ့တော်ဝင် ယဇ်ပုရောဟိတ်အရာအား သူ့အတွက်သူ သိမ်းယူလိမ့်မည် မဟုတ်ဘဲ ဘုရားသခင့် အထံတော်မှသာ လက်ခံရယူမည် ဆိုသည့် ကြိုတင်ဟောပြောချက်အပေါ် သူ အလေးပေးခဲ့သည်။

ဟေဗြဲ ၈:၈-၁၂ တွင် စာရေးသူသည် ယေရမိ ၃၁:၃၁-၃၄ ကို ကိုးကားခဲ့သည်။ ဣသရေလတို့ ကျွန်ဘဝပြီးဆုံးသည့်နောက် မောရှေနှင့် ဘုရားသခင် ဖွဲ့တော်မူသော ပဋိညာဉ်၌ လူသားတို့ ကျရှုံးခဲ့မှု



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ပြဿနာကို ပဋိညာဉ် တရားသစ်က အောင်မြင်မည့်အကြောင်း အဆိုပါ ကျမ်းချက်တို့က ကြိုတင်ဟောပြောခဲ့ကြသည်။

ယဇ်ပူဇော်ခြင်းများ ဆက်လုပ်ရန် ပြဋ္ဌာန်းချက်ကို ခရစ်တော်၌ ပဋိညာဉ် တရားသစ်က မည်သို့ အဆုံးသတ်ခဲ့ကြောင်း ပြသဖို့ ယေရမိ အခန်းကြီး ၃၁ အား ဟေဗြဲ ၁၀း၁၆ နှင့် ၁၇ တို့တွင် နောက်တဖန် ပြန်လည် ကိုးကားထားသည်။

ဟေဗြဲစာရေးသူသည် ဟေဗြဲ ၇း၂၁၊ ၁၀း၃၇ နှင့် ၁၂း၂၆ တို့တွင်လည်း နောက်ဆုံးသော ကာလ သို့မဟုတ် နောက်ဆုံးသောခေတ်အကြောင်း အလားတူ ကြိုတင်ဟောပြောချက်များ၏ အကူအညီကို ရယူခဲ့သည်။

## နန်းဆက်ဆိုင်ရာ စံများ

ပဥ္စမ အနေဖြင့် စာရေးသူသည် ဆာလံကျမ်းများထဲက ဒါဝိဒ် မျိုးဆက်အတွက် ချမှတ်ပြဋ္ဌာန်းထားသည့် နန်းဆက်ဆိုင်ရာ စံ များစွာကို ကိုးကားခဲ့သည်။

အဆိုပါ ကျမ်းချက်တို့သည် ဒါဝိဒ်မင်းဆက်ထဲ ပါသမျှသူတို့အတွက် ဘုရားသခင့်အပေါ် သစ္စာရှိရေး၊ အလုပ်အကြွေးပြုရေးတို့နှင့် စပ်လျဉ်းသော စံနှုန်း သတ်မှတ်ချက်များကို ဖော်ပြသည်။ သို့တစေ အသက်ညှာဆုံး ဆိုရလျှင် ဒါဝိဒ် ၏ ဓမ္မဟောင်း သားစဉ် မျိုးဆက်တို့သည် အဆိုပါ စံနှုန်းများကို အပြည့်အဝ မလိုက်နာနိုင်ခဲ့ကြပေ။ ယေရှုသည် ဒါဝိဒ် ၏ တော်ဝင် မင်းမျိုးအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသော စံများ၏ ကြီးမြတ်၍ စုံလင်သော ပြီးပြည့်စုံရာ ဖြစ်ကြောင်း ဟေဗြဲစာရေးသူက အခိုင်အမာ ပြောဆိုခဲ့သည်။

သာဓကအားဖြင့် ဟေဗြဲ ၁း၅ တွင် စာရေးသူသည် ဆာလံ ၂း၇ နှင့် ၂ ဓမ္မ ၇း၁၄ တို့ကို ကိုးကားခဲ့သည်။ ဘုရားသခင်သည် ဒါဝိဒ် ၏ သားမြေးတစ်ဦးအား သူ ၏ တော်ဝင်သား အဖြစ်မွေးစားယူကြောင်း၊ ထိုသားသည် လက်အောက်ခံ နိုင်ငံများကို အုပ်စိုးမည် ဖြစ်ကြောင်း အဆိုပါ ကျမ်းချက်တို့က ဖော်ပြသည်။

ဟေဗြဲ ၁း၈ နှင့် ၉ တို့သည် ဆာလံ ၄၅း၆-၇ကို ကိုးကားထားသည်။ ဤတော်ဝင် လက်ထပ်ပွဲ ဆာလံသည် ဖြောင့်မတ်ခြင်းကို နှစ်သက်ပြီး မတရားမှုကို မုန်းတီးသော ဒါဝိဒ် နန်းဆက် ရှင်ဘုရင် တစ်ပါးအား ချီးမွမ်းထောမနာပြုထားသည်။

ဟေဗြဲ ၂း၁၁-၁၂ တွင် စာရေးသူသည် ဆာလံ ၂၂း၂၂ ကို ကိုးကားထားသည်။ ဤကျမ်းပိုဒ်ထဲတွင် ဒါဝိဒ်သည် သူ၏ သက်သေထူမှုကြောင့် ဖြစ်ရသည့် ဝမ်းမြောက်မှုကို အခြားသော ဣသရေလ ပရိသတ်တို့ကြား မျှဝေပေးရန် ကတိပြုခဲ့သည်။ သူ၏ သက်သေထူမှုအား အာဗြဟံ၏ သားသမီးများထံ မျှဝေပေးခြင်းဖြင့် နန်းဆက်ဆိုင်ရာစံကို ယေရှု အစုံအလင် ဖြည့်ဆည်းကြောင်း ပြသဖို့ ဤကျမ်းပိုဒ်အား စာရေးသူ အသုံးပြုခဲ့သည်။

ဟေဗြဲ ၁၀း၅-၇ တွင် ဆာလံ ၄၀း၆-၈ ကို စာရေးသူ ကိုးကားခဲ့သည်။ အဆိုပါ ကျမ်းချက်များထဲတွင် ဒါဝိဒ်သည် တိရစ္ဆာန်ယဇ်များအစား သူ့ခန္ဓာတစ်ခုလုံးကို ဘုရားသခင့်ထံ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရည်စူးဆက်ကပ်ရန် ကတိပြုခဲ့သည်။ စာရေးသူသည် ဤအချက်အား သာလွန်ကြီးမြတ်သော နောက်ဆုံးသောကာလဆိုင်ရာ အဆိုပါစံကို ကားတိုင်ပေါ်မှာ မိမိခန္ဓာယဇ်ဖြင့် ပူဇော် ဖြည့်ဆည်းသူ ယေရှု၌ လက်တွေ့အသုံးပြုခဲ့သည်။

ယခုအထိ ဟေဗြဲစာစောင်ထဲ ယေရှု၌ နောက်ဆုံးသောကာလနှင့် စာရေးသူ ၏ ဓမ္မအမြင်များအတွက် ဓမ္မဟောင်းထောက်ခံမှုတို့ ပါဝင်သည့် ထပ်တလဲလဲ ပါရှိ အကြောင်းအရာအား ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။ ယခုတွင် ဇွဲနှင့် သည်းခံ ဖြတ်သန်းရေး စာရေးသူ၏ ဆုံးမဩဝါဒပေးချက်များ တည်းဟူသော တတိယမြောက် ထပ်ဆင့်ဖော်ပြချက်ကို အကျဉ်းချုပ်လေ့လာဖို့ ကျွန်ုပ်တို့ အသင့်ရှိပြီ ဖြစ်ပါသည်။

## ဇွဲနှင့် သည်းခံဖြတ်သန်းရေး ဆုံးမဩဝါဒပေးချက်များ

> ဟေဗြဲစာစောင် ရေးသူသည် သူ့ပရိသတ်တို့အား ယုံကြည်ခြင်း၌ ဇွဲနှင့် သည်းခံ ဖြတ်သန်းကြဖို့ နည်းမျိုးစုံသုံးကာ စေ့ဆော် တိုက်တွန်းသည်။ ဓမ္မဟောင်း ကို အမြောက်အများ ကိုးကားထားသည်။ ဘုရားသခင်သည် အထူးသဖြင့် ဤနောက်ဆုံးကာလအခါ သားတော်ကို စေလွှတ်ခြင်းဖြင့် ကိုယ်တော်၏ အကြံအစည်တော်များကို ဆက်လက်အကောင်အထည်ဖော်ခဲ့ပြီးကြောင်း ကိုးကားချက်အားလုံးက ကြိုတင်မျှော်လင့်ထားသည်။ ညွှင်းပန်း နှိပ်စက်မှုကို သစ္စာရှိရှိ ဇွဲနှင့် ဖြတ်သန်းခဲ့သူတို့အကြောင်း အထူးသဖြင့် ဟေဗြဲ အခန်းကြီး ၁၁ ထဲမှ သာဓကများအား ကြီးမားသည့် သည်းခံဖြတ်သန်းမှု ပုံသက်သေ တစ်ခု အဖြစ် ပေးထားသည်။ အထူးသဖြင့် ခရစ်တော်ကိုယ်တိုင်သည် ရှက်ကြောက်စရာကို အမှုမထားဘဲ ကောင်းကင်ကို မျှော်လင့်နိုင်ရန်အလို့ငှာ “မိမိရှေ့၌ ထားသော ဘုန်းအသရေအတွက် ကားတိုင်ကို သည်းခံဖြတ်သန်းခဲ့သည်”။ ထိုအရာသည် ယနေ့ ခရစ်ယာန်များ လိုက်နာရန် ပုံသက်သေ ပေးထားခြင်းလည်း ဖြစ်သည်။
>
> **Dr Simon Vibert**

ကျွန်ုပ်တို့၏ ပြီးခဲ့သည့် သင်ခန်းစာထဲတွင် ဟေဗြဲ ၁၃:၂၂ ၌ ဟေဗြဲစာစောင် ရေးသူသည် သူ့စာစောင်တစ်ခုလုံးအား "ငါ့ဆုံးမဩဝါဒစကား" ဟူ၍ ဖော်ပြခဲ့ကြောင်း ကျွန်ုပ်တို့ ပြောခဲ့သည်။ သင့်ရေတွက်ပုံပေါ်မူတည်၍ ဟေဗြဲစာစောင်ထဲတွင် ရှင်းလင်းပြတ်သားသည့် ဆုံးမဩဝါဒစကား ပြောဆိုချက် အကြိမ် ၃၀ ခန့်မျှ ပါရှိသည်။ ကျွန်ုပ်တို့ တွေ့ကြမှာဖြစ်သလို ဆုံးမဩဝါဒစကား တစ်ခုချင်းစီတိုင်းသည် တိကျသော အရေးကိစ္စ တစ်ခုကို ဆွေးနွေးထားသည်။ သို့သော် ခရစ်တော်အပေါ် သူတို့သစ္စာစောင့်သိမှု၌ ဇွဲရှိကြဖို့ မူလစာဖတ်ပရိသတ်ကို တိုက်တွန်းရန် ၎င်းတို့အားလုံးအား ဒီဇိုင်း ချထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကျွန်ုပ်တို့သင်ခန်းစာ ဤအဆင့်တွင် ဖွဲ့နှင့် သည်းခံဖြတ်သန်းရေးအတွက် စာရေးသူ ဆုံးမဩဝါဒပေးသောစကားများ ၏ အရေးကြီး အင်္ဂါရပ် နှစ်ခုကို ကျွန်ုပ်တို့ ကြည့်လိုပါသည်။ ပထမဦးစွာ သူ့ပရိသတ်ထံမှ စာရေးသူ နှိုက်ထုတ်ရန် မျှော်လင့်ခဲ့သည့် တုန့်ပြန်ချက်များအပေါ် ကျွန်ုပ်တို့ အနည်းအကျဉ်း ဝေဖန်သုံးသပ်ကြပါမည်။ ဒုတိယအားဖြင့် ဖွဲ့နှင့် သည်းခံဖြတ်သန်းဖို့ သူ့ပရိသတ်ကို သူမည်သို့ လှုံ့ဆော်မှုပေးခဲ့ကြောင်း ကျွန်ုပ်တို့ မှတ်သားကြပါမည်။ ပထမအားဖြင့် စာရေးသူ လှုံ့ဆော်ရယူလိုခဲ့သည့် တုန့်ပြန်မှု အတိုင်းအတာကို ကြည့်ကြပါစို့။

## တုန့်ပြန်မှုများ

ဟေဗြဲစာစောင်၏ ထူးခြားမှတ်သားဖွယ် အင်္ဂါရပ် တစ်ခုမှာ သူ့ပရိသတ်ထံမှ စာရေးသူ တိုက်တွန်းရယူခဲ့သော တုန့်ပြန်မှုတို့၏ အတိုင်းအတာ ဖြစ်သည်။ ယခုတွင် ဓမ္မသစ် ဂရိကဲ့သို့သော ရှေးဘာသာစကားမျိုးကို ကျွန်ုပ်တို့ ကိုင်တွယ်ရသည့်အခါ တိကျသော ဖော်ပြချက်များအတွက် သိမ်မွေ့သော အနက်အဓိပ္ပာယ် ကွဲပြားချက်များကို ဖော်ထုတ်ရန် ခက်ခဲလေ့ ရှိသည်။ ထို့ကြောင့် အတော်ကလေး ရှင်းလင်းသိသာသည့် ဥပမာအချို့ကိုသာ ကျွန်ုပ်တို့ ကန့်သတ်လေ့လာကြပါမည်။ ယေဘူယျအားဖြင့် သူ့စာစောင်အား သူ့ပရိသတ်တို့ စိတ်လှုပ်ရှားမှုရှိရှိ၊ သဘောထား အမြင်ရှိရှိ၊ ကျင့်ကြံမှုပါလျက် လက်တွေ့ အသုံးချရေးအတွက် စာရေးသူ ၏ ဆုံးမဩဝါဒ စကားတို့က ခွန်အားပေးခဲ့သည်။ မူလ ပရိသတ်တို့ ဖွဲ့နှင့် သည်းခံဖြတ်သန်းရေးအတွက် အဆိုပါ တုန့်ပြန်မှု အတိုင်းအတာ တစ်ခုလုံးအပေါ် သူတို့ အာရုံစိုက်ရေးသည် အခရာ ကျခဲ့သည်။

ပထမဦးစွာ ဟေဗြဲစာရေးသူသည် သူ့ပရိသတ်အား သူတို့ယုံကြည်ခြင်း၏ စိတ်ခံစားချက် ဘောင်များအတွင်း မကြာခဏ ဆုံးမဩဝါဒ ပေးခဲ့သည်။ ဟေဗြဲ ၃း၈၊ ၁၅ တို့တွင် "ခိုင်မာသော စိတ်နှလုံး မရှိကြနှင့်" ဟု သူ ပြောဆိုခဲ့သည်။ ဤအခန်းကြီးထဲက အခန်းငယ် ၁၃ တွင် "သင်တို့ စိတ်နှလုံး မခိုင်မာစေခြင်းငှာ နေ့တိုင်းအစဉ် တစ်ယောက်ကို တစ်ယောက် တိုက်တွန်း နှိုးဆော်ကြလော့" ဟူ၍ ကျွန်ုပ်တို့ ဖတ်ရသည်။ အဆိုပါ စာကြောင်းများ အတိုင်းပင် ၄း၁ တွင်လည်း "ဂရုစိုက်ကြကုန်အံ့" သို့မဟုတ် ဤအဆက်အစပ်အရ အရှိအတိုင်း ပြန်ဆိုပါက "ဘုရားသခင့် ချမ်းသာထဲသို့ မဝင်ရမည်ကို စိုးရိမ်ကြကုန်အံ့" ဟု သူပြောခဲ့သည်။ ကူညီမစမှု ရရန် ဘုရားသခင့် ကျေးဇူးပလ္လင်တော်သို့ ချဉ်းကပ်ရာ၌ ရဲရင့်ခြင်း သို့မဟုတ် "ရဲရင့်သော စိတ်ရှိကြပါ" ဟူ၍ သူ့ပရိသတ်အား ၄း၁၆ ၌ သူ ခွန်အားပေးခဲ့သည်။ ၁၀း၂၂ တွင် "ဝိစိကိစ္ဆာနှင့်ကင်းသော ယုံကြည်ခြင်း၌ တည်လျက် သစ္စာနှင့် ပြည့်စုံသော သဘောဖြင့် အထံတော်သို့ ချဉ်းကပ်ရန်" သူတို့အား တိုက်တွန်းခဲ့သည်။ တဖန် ၁၀း၃၅ တွင်လည်း သူတို့အား သတ္တိ သို့မဟုတ် "သူတို့၏ ရဲရင့်ခြင်းစိတ်ကို မစွန့်ကြနှင့်" ဟု သူ တိုက်တွန်းခဲ့သည်။

အဆိုပါ စိတ်ခံစားချက်ပိုင်းဆိုင်ရာ အလေးပေးချက်များသည် ဟေဗြဲ စာစောင် ရေးသူအတွက် အရေးပါသည်နှင့် အမျှ အယူအဆ အတွေးအမြင်ပိုင်း ဆိုင်ရာ၌လည်း သူ့ကျမ်းချက်များကို လက်တွေ့အသုံးချဖို့ရန် သူ့ပရိသတ်အား သူ ဆုံးမဩဝါဒ ပေးခဲ့သည်။ သူတို့၏ ဓမ္မပညာဆိုင်ရာ ဩဝါဒများနှင့် ယုံကြည်ချက်တို့အပေါ် သူ၏ စေ့ဆော်တိုက်တွန်းချက်စကားများဖြင့် သူ လွှမ်းမိုးလိုခဲ့သည်။ သာဓကအားဖြင့် ဟေဗြဲ ၂း၁ တွင် သူ့ပရိသတ်အား သူတို့ကြားရပြီးသော ဒေသနာကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

"မှတ်မိစွဲလမ်းကြရန်" သူတိုက်တွန်းခဲ့သည်။ ၃း၁ တွင်လည်း "ယေရှုအကြောင်းကို စေ့စေ့ဆင်ခြင်ကြဖို့" သူတို့အား စာရေးသူက တိုက်တွန်းထားပြန်သည်။ ၆း၁ တွင်လည်း အလားတူ "ခရစ်တော် ၏ ဘာသာ၌ အစအဦးဖြစ်သော အကြောင်းအရာတို့ကို ချန်ထားခဲ့ပြီး" သူတို့ ၏ သိက္ခမ်းနားလည်မှုတို့၌ ကြီးပွားကြရန် သူတို့အား သူ အားပေးခဲ့သည်။

စိတ်ဝင်စားဖွယ်ကောင်းစွာပင် ဟေဗြဲစာရေးသူသည် အခြေခံကျကျ လိုက်နာရမည့် တိကျသော ပြုမူကျင့်ကြံမှုဆိုင်ရာအချက်တို့အပေါ် စောစောစီးစီး အလေးပေးခဲ့ခြင်းမျိုး မပြုခဲ့ပါ။ အသေအချာဆိုရလျှင် သူ၏ ဆုံးမဩဝါဒစကားတို့၌ လက်တွေ့ကျင့်ဆောင်ရေးအတွက် သွယ်ဝိုက်သက်ရောက်မှုများ အမြဲလို ရှိနေလင့်ကစား လက်တွေ့ ကျင့်ဆောင်ရေး ရှင်းလင်းပြတ်သားသည့် ဆုံးမဩဝါဒပေးချက်တို့သည် သူ့စာစောင် အဆုံးသတ်ပိုင်းတွင်မှ ပေါ်လာကြသည်။ တဖန် ဟေဗြဲ ၁၂း၁၆ တွင် သူ့ပရိသတ်တို့အား "မတရားသော မေထုန်၌ မှီဝဲသောသူ မရှိစေခြင်းငှာ" သူ ဆုံးမဩဝါဒပေးခဲ့သည်။ ထို့ပြင် ၁၃း၁-၁၉ တွင် ဧည့်သည်ဝတ်ကို ပြုခြင်း၊ ထိမ်းမြားလက်ထပ်ခြင်း၊ ခရစ်တော်၏ နာမတော်ကို ဝန်ခံခြင်း၊ ကောင်းသောအကျင့် ကျင့်ခြင်း စသည့် နယ်ပယ်တို့ကိုလည်း ဆွေးနွေးခဲ့သည်။

ဟေဗြဲစာစောင်ရေးသူသည် သူ့ပရိသတ်အား သူ့စာစောင်အပေါ် တုန့်ပြန်ကြစေလိုကြောင်း ဤ ဆုံးမဩဝါဒ ပေးချက်များ၏ အတိုင်းအတာက နည်းမျိုးစုံဖြင့် ပြသနေသည်။ ခရစ်တော်ကို သစ္စာရှိရှိ အလုပ်အကျွေးပြုရာ၌ သူတို့ ဖွံ့ဖြိုးဖို့ဆိုပါက သူတို့၏ စိတ်ခံစားချက်များ၊ အတွေးအမြင်များ၊ အကျင့်အကြံများကို သူတို့ သတိပြုကြဖို့ လိုအပ်နေသည်မှာ ရှင်းပါသည်။

ဖွံ့ဖြိုးရေးအတွက် ဟေဗြဲစာစောင်ရေးသူ၏ ဆုံးမဩဝါဒပေးချက်တို့သည် တုန့်ပြန်ချက်များ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်စေရန် လှုံ့ဆော်ခဲ့ကြောင်း ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ ယခုတွင် ဖွံ့နှင့် သည်းခံကြရေး ခွန်အားပေးဖို့ အပြုသဘောနှင့် အနုတ်သဘော လှုံ့ဆော်ချက်များအား စာရေးသူ မည်သို့ တင်ဆက်ခဲ့သည်ကို ဂရုစိုက်ကြည့်ကြပါစို့။

## လှုံ့ဆော်ချက်များ

တဖက်တွင် စာရေးသူသည် သူ့ ဆုံးမဩဝါဒပေးချက်များစွာအား အပြုသဘောဆောင်သည့် လှုံ့ဆော်ချက်များဖြင့် နီးနီးကပ်ကပ် တွဲဖက်ထားခဲ့သည်။ သာဓကအားဖြင့် ဟေဗြဲ ၄း၁၃-၁၆ တွင် ခရစ်တော်ထံမှ မစခြင်းနှင့် ကျေးဇူးတော် ခံယူရရှိခြင်းအကြောင်းကို သူ ကိုးကား ထားခဲ့သည်။ တဖန် အချို့သော အပြုအမူတို့သည် ဘုရားသခင်ကို နှစ်သက်ဖွယ်ဖြစ်စေသည် ဆိုသည့် အသိပညာအားဖြင့် သူ့ပရိသတ်ကို ၁၃း၁၆ ၌ သူလှုံ့ဆော်ခဲ့သည်။ မကြာခဏဆိုသလို ဟေဗြဲစာရေးသူသည် သစ္စာရှိစွာ အသက်ရှင်ရေးအတွက် လှုံ့ဆော်ချက်အနေဖြင့် ထာဝရနှင့် ယှဉ်သည့် မျှော်လင့်ချက် ဆုလာဘ်များကို ပေးခဲ့သည်။ ဟေဗြဲ ၁၀း၃၅ တွင်

> ထို့ကြောင့် ကြီးစွာသော အကျိုးနှင့် ယှဉ်သော သင်တို့၏ ရဲရင့်ခြင်းစိတ်ကို မစွန့်ကြနှင့် (ဟေဗြဲ ၁၀း၃၅)။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အခြားတစ်ဖက်တွင်မူ ဟေဗြဲစာရေးသူသည် သူ့ပရိသတ်အား အားပေးတိုက်တွန်းရန် အနုတ်သဘောဆောင်သော လှုံ့ဆော်ချက်များကို မကြာခဏ အသုံးပြုခဲ့သည်။ အဆိုပါ ဆုံးမဩဝါဒပေးချက်တို့သည် အဓိကအားဖြင့် ဘုရားသခင့် တရားစီရင်ခြင်း အကြောင်း ခြိမ်းခြောက်မှုများနှင့် သတိပေးချက်များ ဖြစ်ခဲ့သည်။ သာဓကအားဖြင့် ဟေဗြဲ ၂း၂-၃ တွင် ကောင်းကင်တမန်များအား မနာခံသူတို့ အပြစ်ဒဏ်ပေးခံရကြောင်း သူ ဂရုပြုမိခဲ့သည်။ ထို့ကြောင့် ခရစ်တော်၌ ကယ်တင်ခြင်း သတင်းစကားကို မနာခံသူသည် ဘုရားသခင့် တရားစီရင်ချက်မှ လွတ်ခြင်းအခွင့်ကို မည်သို့ မျှော်လင့်နိုင်မည်နည်း။ ရွေ့လျော့ဖောက်ပြန်သူ မည်သူမဆို ကျိန်ခြင်းခံရမည့် အန္တရာယ် ရှိနေကြောင်း ၆း၄-၈ ၌ သူ သတိပေးခဲ့သည်။ ၁၀း၂၆-၃၁ တွင် "ဒဏ်စီရင်ခြင်းကို ခံရမည်ဟု ကြောက်မက်ဖွယ်သော မျှော်လင့်ရသောအကြောင်း၊ ငြင်းဆန်သောသူတို့ကို ဖျက်ဆီးဖို့ရာ အမျက်တော်မီး လောင်ခြင်းကို ခံရသော အကြောင်း" များ ရှိနေကြောင်း သူ သတိပေးခဲ့သည်။

> ဟေဗြဲစာစောင်၏ ကြီးကျယ်သည့် အာဘော်ကြီးတစ်ခုမှာ ဇွဲနှင့် သည်းခံဖြတ်သန်းဖို့ လိုအပ်နေသည့် အကြောင်း ဖြစ်သည်။ ပရိသတ်အား သူတို့ ဇွဲနှင့် သည်းခံဖြတ်သန်းရန် လိုကြောင်း၊ မရပ်ဘဲ ရှေ့ဆက်သွားရန်လိုကြောင်း၊ နောက်ပြန်လှည့်ရန် မလို၊ ခရစ်ယာန် ယုံကြည်ခြင်းတရားအတိုင်း ပန်းတိုင်ရောက်အောင် ဆက်သွားရန် စာရေးသူက အမှန်တကယ် ဟောပြောတိုက်တွန်းနေသည် ဖြစ်သောကြောင့် ထိုသို့ ပြောဆိုနေသူကို ဘေးချိတ်ပြီး သတိပေးချက်နှင့် ဆုံးမဩဝါဒပေးချက်များ ပါသည့် ဟေဗြဲစာစောင်ကို သင်ဖတ်၍ မရနိုင်ပါ။ ယခု ထိုအရာကို သူမည်သို့ လုပ်ဆောင်ပါသနည်း။ သူ့ လုပ်ဆောင်ချက်သည် အားပေး တိုက်တွန်းချက်များကိုရော သတိပေးချက်များကိုပါ လှပစွာ ဟန်ချက်ညီ ဖြစ်နေစေသည်ဟု ကျွန်ုပ်ထင်ပါသည်။ ၎င်းတို့သည် တူညီသော ဒင်္ဂါးပြား တစ်ပြားတည်း၏ မျက်နှစ်စာနှစ်ဖက်မျိုးလို ဖြစ်ကြသည်။ ဟေဗြဲစာစောင်သည် မကြာခဏဆိုသလို ခရစ်တော်နှင့် ဓမ္မဟောင်းထဲက ထင်ရှားသည့် ဇာတ်ကောင်များ၊ လူပုဂ္ဂိုလ်များ၊ ပဋိညာဉ်များအကြား ဆန့်ကျင်ခြားနားပြမှုများအတွက် ထင်ရှားသည်။ ကိုယ်တော်သည် မောရှေထက် ကြီးမြတ်သည်။ သာ၍ကြီးမြတ်သော ချမ်းသာကို ပေးသည်။ သာ၍ကြီးမြတ်သော ယဇ်ပုရောဟိတ် ဖြစ်သည်။ ကိုယ်တော့်မှာ သာ၍ကြီးမြတ်သော ပူဇော်ရာယဇ် ရှိသည်။ တစ်ဖက်သို့ လှန်လိုက်လျှင်မူ သတိပေးချက်များလည်း ရှိနေသည်။ ခရစ်ယာန် ပရိသတ်နှင့် စာဖတ်သူတို့ကို နိုးကြားစေသည့် ဟေဗြဲ စာစောင်ထဲက သတိပေးချက်များ ၏ လုပ်ငန်းဆောင်တာမှာ "အကယ်၍ ကျွန်ုပ် ဇွဲနှင့် သည်းခံဖြတ်သန်းခြင်း မရှိလျှင်၊ ခရစ်တော်ထံမှ ကျွန်ုပ် အာရုံလွှဲလျှင်၊ ကိုယ်တော်ကို မျှော်ကြည့်ပြီး၊ ကိုယ်တော် ဖြစ်တော်မူသည့်အတိုင်း ကိုယ်တော် ၏ တင့်တယ်ခြင်းအသရေနှင့် ဘုန်းတော်၌၊



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ဘုန်းကြီးသော သခင်၊ ကြွလာခဲ့ပြီးဖြစ်သော ကြီးမြတ်သည့် ယဇ်ပုရောဟိတ်မင်း၏ အဖြစ်တော် ရှိသမျှတို၌ ကိုယ်တော်နှင့်အတူ ကျွန်ုပ် ဆက်လက် လျှောက်လှမ်းခြင်း မပြုလျှင်၊ ကိုယ်တော်၏ ပြင်ပ၌ ကယ်တင်ခြင်း မရှိ" ဟု ဆိုရန်ပင် ဖြစ်သည်။ သို့ဖြစ်သောကြောင့် ပြေးပွဲအတွင်း ကျွန်ုပ်တို့ ဆက်ပြေးနိုင်နေဖို့၊ ကျွန်ုပ်တို့ ၏ ယုံကြည်ခြင်းကို အစအဦး စီရင်ပြီး ပြည့်စုံစေသော ခရစ်တော်ကို ဆက်လက် စေ့စေ့ကြည့်ရှုနိုင်နေဖို့ ၎င်းနှစ်ခုလုံးသည် အတူတကွ အပြုသဘောဆောင်သော လှုံ့ဆော်မှုကိုသာမက အနုတ်သဘောပုံစံမျိုး ရှိသော အားဖြည့်မှုကို ပေးလျက်ရှိသည်။

**Dr Stephen J. Wellum**

ဟေဗြဲ စာဖတ်သူများသို့ ခြိမ်းခြောက်နေသော တရား စီရင်ချက်တို့ကြောင့် အနက်ဖွင့်သူများ အမြဲလို စိတ်အနှောင့်အယှက် ဖြစ်ကြရသည်။ အကြောင်းမှာ စစ်မှန်သော ယုံကြည်သူများ ကယ်တင်ခြင်း ဆုံးရှုံးနိုင်မည့်ပုံ ပေါက်နေသောကြောင့် ဖြစ်သည်။ ဤအကြောင်းကြောင့် စာစောင် ၏ အဆိုပါ အစိတ်အပိုင်းများသည် ဤ အမှုအရေးနှင့် စပ်လျဉ်း၍ အမြင်တစ်ခု မဟုတ် တစ်ခု ခံယူထားသူ ခရစ်ယာန်တို့အကြား မကြာခဏ တိုက်ခိုက်ရာနယ်ပယ် ဖြစ်ကြရသည်။ ဤ ဓမ္မပညာဆိုင်ရာ ကိစ္စကို နက်နက်ရှိုင်းရှိုင်း ဆွေးနွေးရန် ဤနေရာတွင် ကျွန်ုပ်တို့ အချိန် မလုံလောက်သော်လည်း ဤကိစ္စ ၏ အရေးကြီးရှုထောင့် နှစ်ခုအပေါ် ဝေဖန်သုံးသပ်ကြည့်ခြင်းသည် အထောက်အကူ ဖြစ်နိုင်နေဆဲပင်။

ပထမဦးစွာ ဟေဗြဲစာစောင်သည် ဓမ္မပညာကို စနစ်တကျဖြင့် ပညာရှင်ဆန်ဆန် တင်ပြထားချက် တစ်ခုမဟုတ်ကြောင်း နားလည်ထားရပါမည်။ ဤအချက်အားဖြင့် ကျွန်ုပ်တို့ ဆိုလိုသည်မှာ သမ္မာကျမ်းစာက ဝေါဟာရများကို အသုံးပြုသည့်အခါ မကြာခဏဆိုသလို ကယ်တင်ခြင်း ဝေါဟာရကိုပင်လျှင် ခရစ်ယာန် ဓမ္မပညာရှင်များ၊ အစဉ်အလာများထက် ပိုမိုစုံလင်သော နည်းဟန်အမျိုးမျိုးဖြင့် သုံးစွဲသည်။ အမှန်စင်စစ် အသင်းတော် အဖွဲ့အစည်း အသီးသီးတို့သည် အချို့သော ဓမ္မပညာ ဆိုင်ရာဝေါဟာရများအား သမ္မာကျမ်းစာက ၎င်းတို့ကို အသုံးပြုထားရာ နည်းမျိုးစုံထက် သာ၍ ကျဉ်းမြောင်းသော ပုံစံများဖြင့် အသုံးပြုလိုကြသည်။ မရှုပ်ထွေးသော ဓမ္မပညာ လေ့လာမှုစနစ်များကို ကျွန်ုပ်တို့ မျှော်လင့်သည့်အခါမျိုးတွင် ဤအလေ့အထကို ကျွန်ုပ်တို့ မလွှဲရှောင်နိုင်ကြပေ။ သို့တစေ ဤစနစ်သည်လည်း အန္တရာယ် ရှိသည်။ အကြောင်းမှာ ဝေါဟာရများနှင့် ဖော်ပြချက်များအပေါ် ကျွန်ုပ်တို့ ၏ ကျဉ်းမြောင်းစွာ ဖွင့်ဆိုထားချက်များအား ဟေဗြဲစာစောင်လို စာစောင်မျိုးထဲ ထည့်သွင်းဖတ်ရှုဖို့ လွယ်ကူခြင်းကြောင့် ဖြစ်သည်။ ယုံကြည်ခြင်းမှ ရွေ့လျော့လာသူများ (ဝါ) ခရစ်တော်ထံမှ ဖောက်ပြန်သွားသူများ အကြောင်း ဟေဗြဲစာရေးသူ ဖော်ပြပုံကို နားလည်မှုဆီ ရောက်လာချိန်တွင် အထူးသဖြင့် ဤအန္တရာယ် ပေါ်လွင်ထင်ရှားသည်။

အခြားတစ်ဖက်တွင်လည်း မိစ္ဆာဒိဋ္ဌိဖြစ်သွားသူတို့အား "ဖြောင့်မတ်ရာသို့ ရောက်ပြီးသူများ" အဖြစ် ဟေဗြဲစာရေးသူက မည်သည့်အခါကမျှ ဖော်ပြခဲ့ခြင်း မရှိကြောင်း သတိပြုမိခြင်းသည်

အထောက်အကူ ရပါသည်။ ဓမ္မသစ်ထဲတွင် ဤဝေါဟာရသည် စစ်မှန်သော ယုံကြည်သူများအတွက် အစဉ်တစိုက် သီးသန့်သုံးစွဲသော ဝေါဟာရ ဖြစ်သည်။ သို့သော် အခြားတစ်ဖက်တွင်မူ ဟေဗြဲစာရေးသူသည် ဓမ္မသစ်ကျမ်းက မသုံးစွဲလျှင်တောင်မှ ဧဝံဂေလိ ယုံကြည်သူတို့က စစ်မှန်သော ယုံကြည်သူ တို့အတွက်သာလျှင် သီးသန့်ထားရှိသော ဝေါဟာရအချို့ကို မကြာခဏ သုံးစွဲခဲ့သည်။ သာဓကအားဖြင့် ဟေဗြဲ ၆း၄-၆ တွင်

> အလင်းသို့ တစ်ခါရောက်၍ ကောင်းကင် ဆုကျေးဇူးကို မြည်းစမ်းခြင်း၊ သန့်ရှင်းသော ဝိညာဉ်တော်ကို ခံယူခြင်း၊ ဘုရားသခင် ၏ ကောင်းမြတ်သော တရားစကားကိုငှင်း၊ နောင်ကပ်ကာလ ၏ တန်ခိုးများကိုငှင်း မြည်းစမ်းခြင်း ရှိပြီးသူတို့သည် ရွေ့လျော့ဖောက်ပြန် (နိုင်) သည် (ဟေဗြဲ ၆း၄-၆)။

ဤနေရာ၌ ခက်နေသည်မှာ ကျွန်ုပ်တို့ အများစုက အဆိုပါနှင့် အလားတူဖော်ပြချက်တို့အား ကျွန်ုပ်တို့ ၏ ပညာရှင်ဆန်သည့် ဓမ္မပညာ ဝေါဟာရ အဘိဓာန်အရ စစ်မှန်သည့် ယုံကြည်သူများကို ညွှန်းရာတွင်သာ သုံးတတ်ကြခြင်း ဖြစ်သည်။ အခြားသော သာဓကများအနက် တစ်ခုမှာ ဟေဗြဲ ၁၀း ၂၉ ဖြစ်သည်။ ၎င်းတွင် မိစ္ဆာဒိဋ္ဌိ ဖြစ်သွားသူတို့အား ပဋိညာဉ် အသွေးအားဖြင့် "စင်ကြယ်ခံရပြီးသူများ" အဖြစ် ဖော်ပြထားသည်။ သို့မဟုတ် ၁၀း၃၂ အရ သူတို့သည် "အလင်းသို့ ရောက်ပြီးသူများ" ဖြစ်ကြသည်။

အမှန်တွင် အလားတူ ဖော်ပြချက်များအား ဓမ္မသစ်ကျမ်းထဲ၌ ဓမ္မပညာရှင်တို့က မြင်နိုင်သောအသင်းတော်ဟု ခေါ်လေ့ရှိသည့် အသင်းတော်ထဲ ပါဝင်သူများအတွက် အသုံးပြုသည်။ ဤအရာသည် မမြင်နိုင်သော အသင်းတော် (ဝါ) စစ်မှန်သော ယုံကြည်သူတို့ ၏ ကိုယ်ခန္ဓာနှင့် တမူထူးခြားစွာ ကွဲပြားခြားနားသည်။ မြင်နိုင်သော အသင်းတော်သားတို့သည် အပေါ် ရုံသဘောအရ အသင်းတော် အစိတ်အပိုင်းများ ဖြစ်ကြသော်ငြား အတွင်းသဘောအရ ဖြစ်သည်ဟူ၍တော့ မဆိုနိုင်ပေ။ အသင်းတော်အတွင်း ဤ ကွဲပြားခြားနားချက်သည် ရောမ ၂း၂၈-၂၉ က "အပြင်အားဖြင့်" (ဂရိလို *ဖာနဲရိုးစ်*) အပေါ် ရုံ၊ ရုပ်ခန္ဓာပိုင်းဆိုင်ရာအနေဖြင့်သာ အရေဖျားလှီးခံသော ဂျူးများနှင့် "အတွင်းအားဖြင့်" (ဂရိလို *ခရုပ်တို့စ်*) နှလုံးသား အရေဖျားလှီးခြင်းခံသော ဂျူးများ အကြား ခွဲခြားသည့်နည်းနှင့် အလားတူသည်။

ဒုတိယအားဖြင့် မိစ္ဆာဒိဋ္ဌိ အယူလွဲသွားခြင်းအတွက် ဘုရားသခင့် တရားစီရင်ခြင်း ၏ ခြိမ်းခြောက်မှုအောက် ကျရောက်ခြင်းသည် ဟေဗြဲလူတို့အတွက် အထူးအဆန်းမဟုတ်ကြောင်း ကျွန်ုပ်တို့ အမြဲ စွဲမှတ်နေဖို့လိုပါသည်။ အလားတူ သတိပေးချက်များကို ၁ကော ၁၀း ၁-၁၃ နှင့် ၂ပေ ၂း၂၁၊ ၂၂ တို့တွင် ကျွန်ုပ်တို့ တွေ့ရသည်။ ခြုံ၍ ပြောရလျှင် ဓမ္မသစ်ကျမ်းက ခရစ်တော်၌ ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်း ရှိသူတို့သည် အဆုံးတိုင်အောင် ဇွဲနှင့် သည်းခံတည်ကြည်ကြမည် ဖြစ်ကြောင်း သွန်သင်ထားသည်။ သို့သော် ခရစ်တော်ကို လုံးလုံး ငြင်းပယ်သူများမူကား သူတို့ ၏ ယုံကြည်ခြင်းသည် ကယ်တင်ခြင်းနှင့် မယှဉ်ကြောင်း ပြသကြပေသည်။ ထိုအစား သူတို့ ၏ ယုံကြည်ခြင်းသည် ဓမ္မပညာရှင်များအခေါ် "ယာယီ" သို့မဟုတ်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

"ဟန်ဆောင်လျှို့ဝှက်သော ယုံကြည်ခြင်း" သာလျှင် ဖြစ်ခဲ့သည်။ ၁ ယော ၂း၉ တွင် အယူလွဲပြီး ရွေ့လျော့ဖောက်ပြန်သွားသူများအကြောင်း ရှင်းပြထားသည်။

> ငါတို့နှင့်စပ်ဆိုင်လျှင် ငါတို့နှင့်အတူနေကြလိမ့်မည်။ ထိုသူအပေါင်းတို့သည် ငါတို့နှင့်မစပ်ဆိုင်ကြောင်းကို ထင်ရှားစေခြင်းငှါ၊ ငါတို့ထံမှ ထွက်သွားကြ၏ (၁ ယောဟန် ၂:၁၉)။

မည်သည့် အချိန်တွင်မဆို ခရစ်ယာန် ယုံကြည်ခြင်းတရားမှ လှည့်ထွက်သွားကြသူတိုင်းသည် မမြင်ရသောအသင်းတော်နှင့် ဧကန်စင်စစ် သူတို့ မသက်ဆိုင်ကြောင်း ပြသကြသည်။

> ဟေဗြဲစာစောင်ထဲတွင် သတိပေးချက် ကျမ်းပိုဒ် ငါးခု ပါရှိသည်။ ကျွန်ုပ်တို့ အများစု ၏ အခိုင်အမာတည်ဆောက် ကောက်ချက်ချမှုအရ အဆိုပါ အချက် ငါးချက်သည် အမှန်အားဖြင့် အချက်တစ်ခုတည်းကိုသာ ရည်ညွှန်းသည်။ ထို့ကြောင့် သတိပေးချက်တို့သည် ဗဟုဝုစ်ကိန်း ဖြစ်သော်ငြား အမှန်တွင် အဓိကအချက် တစ်ချက်သာ ပါရှိသည့် အနေဖြင့် ကျွန်ုပ်တို့ ဆွေးနွေးနိုင်ပါသည်။ ထို့ပြင် သိုးထိန်းဆိုင်ရာ ရှုထောင့်အရ ၎င်းတို့ ၏ ရည်မှန်းချက်သည် ရိုးရှင်းပါသည်။ သူ့ပရိသတ် အယောက်စီတိုင်း ဇွဲနှင့် သည်းခံဖြတ်သန်းရင်း ခရစ်တော်နောက်သို့ လိုက်ဖို့ စာရေးသူ အလိုရှိသည်။ ယခု အချက် နှစ်ချက်လောက် အမှန်ပင် ပြောဆိုရန် ရှိနေပါသည်။ ၎င်းတို့သည် အမှန်တကယ် သတိပေးချက်များ ဖြစ်ကြပါသည်။ ၎င်းတို့သည် ဟန်ဆောင်ပန်ဆောင် ပြောဆိုချက်များ မဟုတ်ကြပါ။ ခြောက်လုံး လုန့်လုံးအဖြစ် ပြောနေခြင်း မဟုတ်ပါ။ သို့သော် ပြောလိုသည့် အချက်တစ်ခုမှာ ဆန်းဒေးနံနက် ပရိသတ်သို့ တရားဒေသနာဟောသည့် သင်းအုပ်ကဲ့သို့ သူတို့အား သူ ဝေငှနေခြင်း ဖြစ်ပါသည်။ သူသည် အရာရာကို သိသူတစ်ယောက်တော့ မဟုတ်ပါ။ သူ့ ပရိသတ် အသက်ဝိညာဉ်များထဲက လူတစ်ဦးချင်းစီ ၏ တမလွန် ထာဝရ အခြေအနေကို သူမသိပါ။ သူတို့သည် ခရစ်တော်ကို ယုံကြည်ဝန်ခံသူများ ဖြစ်ကြောင်း သူသိသည်။ သို့သော် အမှန်အားဖြင့် ဓမ္မသစ်ကျမ်း ဓမ္မပညာအရ အချိန်ကသာ အဆုံးအဖြတ်ပေးလိမ့်မည် ဖြစ်သည်။ ကျွန်ုပ် ဆိုလိုသည်မှာ အမှန်အားဖြင့် ယုံကြည်ခြင်းမှ ရွေ့လျော့သွားသူ၊ ယုံကြည်သူ အသိုင်းအဝန်းကို စွန့်သွားသူ၊ ထိုသို့ စွန့်ထွက်သွားခြင်းဖြင့် သူတို့သည် ကျွန်ုပ်တို့အထဲ ဘယ်သောအခါကမျှ အမှန်တကယ် အပါအဝင် မဖြစ်ခဲ့ကြကြောင်း ပြသသည့် သာဓကကို ၁ယော ၂း၁၉တွင် တွေ့ရသည်။ သို့ဖြစ်၍ ခရစ်တော်ကို ယုံကြည်ပါသည်ဟု ဝန်ခံသူများကို သူဝေငှနေခြင်းဖြစ်ကြောင်း ဟေဗြဲစာစောင် ဤနေရာ၌ကျွန်ုပ်တို့ တွေ့ရသည်။ သို့သော်ငြား ကိုယ်တော်ကို သူတို့



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အမှန်တကယ် သိကျွမ်းခြင်း ရှိမရှိ ဆိုသည်ကိုမူ အချိန်ကသာ အဆုံးအဖြတ်ပေးလိမ့်မည် ဖြစ်သည်။

**Dr Barry Joslin**

ဟေဗြဲစာစောင် ဖွဲ့စည်းမှုနှင့် ပါဝင်အကြောင်းအရာ သင်ခန်းစာထဲ၌ စာစောင်ထဲ ထပ်တလဲလဲ ပါဝင်နေသည့် အကြောင်းအရာ အခြေခံအချက် သုံးချက်ကို ကျွန်ုပ်တို့ တွေ့ခဲ့ကြပြီး ဖြစ်သည်။ ယခုတွင် ဟေဗြဲစာစောင် ၏ အလင်္ကာဆင်ယင် ဖွဲ့စည်းပုံ ဟူသော ကျွန်ုပ်တို့ သင်ခန်းစာ ဒုတိယခေါင်းစဉ်ဆီ လှည့်ကြပါစို့။

# အလင်္ကာဆင်ယင် ဖွဲ့စည်းပုံ

ပြီးခဲ့သည့် သင်ခန်းစာထဲ ကျွန်ုပ်တို့ တွေ့ခဲ့သည့်အတိုင်း ဟေဗြဲစာစောင် မူလပရိသတ်သည် ညှင်းပန်းနှိပ်စက်မှုကို ကြုံနေခဲ့ရသည်။ ဒေသန္တရ ဂျူး လူ့အဖွဲ့အစည်း ၏ သွန်သင်ချက် အမှားတို့သည်လည်း နေရာအနှံ့ ပျံ့နှံ့နေခဲ့သည်။ ထို့ကြောင့် ဟေဗြဲစာရေးသူသည်လည်း အဆိုပါ ဩဝါဒအမှားများကြောင့် သူ့ပရိသတ်တို့ ဒူးထောက်အရှုံးပေးပြီး ခရစ်တော်ထံမှ လမ်းလွဲမသွားရေး သွေးဆောင် ရေးသားခဲ့ရသည်။ သို့ဖြစ်လျှင် ဟေဗြဲစာရေးသူသည် သူ့ရည်ရွယ်ချက်ကို အောင်မြင်ပြီးမြောက်ရန် သူ့စာစောင်ပါဝင်အကြောင်းအရာအား မည်သို့ ချုပ်လုပ် တည်ဆောက်ခဲ့ပါသနည်း။ ဤ အလင်္ကာဆင်ယင် ဖွဲ့စည်းပုံသည် မည်သည့်ပုံနှင့် တူညီပါသနည်း။

ဟေဗြဲစာစောင် အလင်္ကာဆင် ဖွဲ့စည်းပုံကို အလွှာအမျိုးမျိုးမှ ရှုမြင်နိုင်သော်ငြား ကျွန်ုပ်တို့ ရည်ရွယ်ချက်အရ စာစောင်ကို အဓိကကျသည့် အပိုင်း ငါးပိုင်း ခွဲ၍သာ လေ့လာကြပါမည်။ သူ့ပရိသတ်တို့ ခရစ်တော်အပေါ် ဆက်လက် သစ္စာခိုင်မြဲရေး သွေးဆောင်ရန်အတွက် စာရေးသူ မည်သို့ ကြိုးစားခဲ့သည်ဆိုသည့် အမြင်သဘောကို ကျွန်ုပ်တို့ကိုင်မိစေဖို့ အဆိုပါ အပိုင်းတို့က ထောက်ကူကြသည်။

- ပထမ အဓိက အပိုင်းသည် ၁း၁-၂း၁၈ အတွင်း ကောင်းကင်တမန်များအားဖြင့် အပ်နှင်းထားသော ဗျာဒိတ်ဖွင့်ပြချက်များအကြောင်း ယုံကြည်ချက်များ အပေါ် စူးစိုက်ထားသည်။
- ဒုတိယမြောက် အဓိကအပိုင်းသည် ၃း၁-၄း၁၃ အတွင်း မောရှေ၏ အခွင့်အာဏာအပေါ် စူးစိုက်ထားသည်။
- တတိယမြောက် အဓိက အပိုင်းသည် ၄း၁၄-၇း၂၈ အတွင်း မေလခိဇေဒက် ၏ တော်ဝင် ယဇ်ပုရောဟိတ် အရိုက်အရာကို ဆွေးနွေးထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

- စတုတ္ထမြောက် အဓိက အပိုင်းသည် ၈း၁-၁၁း၄၀ အတွင်း ပဋိညာဉ် တရားသစ် အပေါ်တွင် အာရုံစိုက်ထားသည်။
- ပဉ္စမမြောက် အဓိက အပိုင်းသည် ၁၂း၁-၁၃း၂၅ အတွင်း လက်တွေ့ဖွဲ့နှင့် သည်းခံဖြတ်သန်းခြင်းကို ကိုင်တွယ်ထားသည်။

# ကောင်းကင်တမန်အားဖြင့် အပ်နှင်းထားသော ဗျာဒိတ်ဖွင့်ပြချက်များ (၁း၁-၂း၁၈)

ဆင်းရဲဒုက္ခများ ကြုံနေစဉ်မှာပင်လျှင် ခရစ်တော်ကို သစ္စာရှိမြဲ ရှိကြဖို့ သူ့ပရိသတ်ကို သွေးဆောင်ရန် အဆိုပါ အဓိက အပိုင်း တစ်ခုချင်းစီကို ဟေဗြဲစာရေးသူ အသုံးပြုခဲ့သည်။ ပထမဦးစွာ ကောင်းကင်တမန်များအားဖြင့် ထားသော ဗျာဒိတ်ဖွင့်ပြချက်များအား ၁း၁-၂း၁၈ အတွင်း ဟေဗြဲစာစောင်က မည်သို့ ကိုင်တွယ်ထားသည်ကို ကြည့်ကြပါစို့။

ပြီးခဲ့သည့် သင်ခန်းစာထဲ ကျွန်ုပ်တို့ ဖော်ပြခဲ့သည့်အတိုင်း ကွမ်မ်ရန် ကျမ်းစာ အများအပြားနှင့်တကွ ဗေက်ဩဝါဒစာ၊ ကောလောသဲ ဩဝါဒစာကဲ့သို့သော စာစောင်တို့ ၏ ညွှန်ပြချက်အရ ပထမ ရာစုနှစ် အချိန်ကာလက ကောင်းကင်တမန်တို့အား နိမ့်ကျယုတ်ညံ့သော လူသားပုဂ္ဂိုလ်များထံ ဘုရားသခင့် ဗျာဒိတ်တော်များကို ယူဆောင်လာပေးသူ အစွမ်းတန်ခိုးရှိပြီး ဘုန်းအသရေနှင့် ပြည့်စုံသော ဖန်ဆင်းခံသတ္တဝါများ အဖြစ် ချီးမြှောက်ခဲ့ကြောင်း တွေ့ရသည်။

ဒေသန္တရ ဂျူးလူ့အဖွဲ့အစည်း ၏ ရှုထောင့် အမြင်တို့သည် သမ္မာကျမ်းစာ ကျမ်းချက်များထဲ အမြစ်စွဲနေလင့်ကစား ကောင်းကင်တမန်များကို သူတို့ အလွန်အကျူး ဂုဏ်တင်ချီးမြှောက်ခဲ့ကြသည်။ ကောင်းကင်တမန်များကို ဤသို့ ချဲ့ကား ဂုဏ်ပြုခြင်းသည် ခရစ်တော် နောက်သို့ လိုက်သူများအတွက် ဆိုးရွားသော စိမ်ခေါ်ချက် တစ်ခု ပေါ်ပေါက်စေခဲ့သည်။ အမှန်တကယ်တွင် ယေရှုသည် အသွေးအသားရှိသော လူသားတစ်ဦး ဖြစ်ကြောင်း လူတိုင်းသိကြသည်။ သို့ဆိုပါက ကောင်းကင်တမန်တို့ ဆင့်ဆိုသော ဗျာဒိတ်ဖွင့်ပြချက်များနောက်သို့ လိုက်မည့်အစား ကိုယ်တော်ပြောဆိုသော အရာတို့နောက်သို့ လိုက်ခြင်းအား မည်သူ ပြုနိုင်ပါတော့မည်နည်း။

ဟေဗြဲစာစောင်ရေးသူသည် ဤစိမ်ခေါ်ချက်ကို အဆင့် ငါးဆင့် ထား၍ တုန့်ပြန်ခဲ့သည်။ ဦးစွာ ဟေဗြဲ ၁း၁-၄ ၌ သူ့ပရိသတ်သည် ယေရှုနောက်တော်သို့ လိုက်သင့်ကြောင်း၊ အဘယ်ကြောင့် ဆိုသော် ကိုယ်တော်သည် ဘုရားသခင့် ဗျာဒိတ်ဖွင့်ပြရာ အမြင့်ဆုံး အရင်းအမြစ် ဖြစ်၍ ဖြစ်ကြောင်း သူ ရေးခဲ့သည်။ ဘုရားသခင်သည် ကောင်းကင်တမန်များအားဖြင့်သာမက အခြားသော နည်းလမ်းများဖြင့် ဓမ္မဟောင်း သမိုင်းတစ်လျှောက် မိန့်ဆိုခဲ့ကြောင်း စာရေးသူ အသိအမှတ်ပြုခဲ့သည်။ သို့တစေ နောက်ဆုံးသောကာလအခါ ဘုရားသခင် ကိုယ်တော်တိုင် ခန့်အပ်သော တော်ဝင် ယဇ်ပုရောဟိတ်မင်း ဖြစ်သည့် ယေရှုသည် ကောင်းကင်တမန်များအားဖြင့် ပေးအပ်သော မည်သည့် ဖွင့်ပြချက်ထက်မဆို သာလွန်ကြီးမြတ်သည့် ဗျာဒိတ်တော်ကို ဆောင်ယူလာခဲ့ကြောင်း သူ အခိုင်အမာ ဆိုခဲ့သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

၁း၅-၁၄ တွင် ယေရှုသည် ကောင်းကင်တမန်တို့ထက် ကြီးမြတ်ကြောင်း၊ အကြောင်းမှာ သူတစ်ပါးတည်းသာလျှင် ဘုရားသခင့် မေရှိယနှင့် ဆိုင်သော သားတော်ဖြစ်ကြောင်း ဟေဗြဲစာရေးသူက ရှင်းပြခဲ့သည်။ ယေရှုသည် ဒါဝိဒ်မင်းမျိုးအတွက် ပြဌာန်းထားသော စံများကို ဖြည့်ဆည်း ပြည့်စုံစေခဲ့ကြောင်း သူ ဂရုပြုမှတ်သားခဲ့သည်။ ထို့ပြင် ဘုရားသခင့် ရန်မာန်ရှိသမျှတို့ အပေါ် ဘုရားသခင့် မေရှိယနှင့်ဆိုင်သော သားတော်က အောင်မြင်မည့်အကြောင်း ဒါဝိဒ် ၏ ကြိုတင်ဟောပြောချက်ကိုလည်း ယေရှုက ပြည့်စုံစေခဲ့သည်။ ၎င်းနှင့် ဆန့်ကျင်ကွဲလွဲစွာပင် ကောင်းကင်တမန်တို့သည် ခရစ်တော်၌ ကယ်တင်ခြင်းကို အမွေခံရသူတို့အတွက် စေလွှတ်ခံရသော အစေခံ နာမ်ဝိညာဉ်များ ဖြစ်ကြောင်း သူ ဂရုပြုမှတ်သားခဲ့သည်။

၂း၁-၄ တွင် ယေရှုအားဖြင့် အစအဦး ဆင့်ဆိုသော ကြီးမြတ်သည့် ကယ်တင်ခြင်း သတင်းစကားကို အသေအချာ အာရုံစိုက်ဖို့ သူ့ပရိသတ်အား စာရေးသူ အားပေးတိုက်တွန်းခဲ့သည်။ အတိတ်ကာလ၌ ကောင်းကင်တမန်များ ဆင့်ဆိုသော သတင်းစကားကို နားမထောင်ခြင်းသည် ဘုရားသခင့်ထံမှ တရားသဖြင့် ပြစ်ဒဏ်စီရင်ခြင်းကို ခံရကြောင်း သူတို့အား သူ သတိပေးခဲ့သည်။ သို့ဖြစ်၍ သူ့စာဖတ်ပရိသတ်သည် ကိုယ်တော်တိုင် ကျွန်ုပ်တို့ ၏ ကယ်တင်ခြင်းဖြစ်တော်မူသော ခရစ်တော်က ဖွင့်ပြသည့် ကြီးမြတ်လှသော ကယ်တင်ခြင်းကို နားမထောင်ပါက ဘုရားသခင့် ပြစ်ဒဏ် စီရင်ချက်မှ မလွတ်နိုင်ကြောင်း တွေးခေါ်သင့်ပေသည်။

ကောင်းကင်တမန်တို့အပေါ် ယခု ယေရှု အုပ်စိုးလျက် ရှိနေကြောင်း ရှင်းပြခြင်းဖြင့် ခရစ်တော် ၏ သာလွန်ကြီးမြတ်မှု၌ ယုံကြည်ရန် ဟေဗြဲ ၂း၅-၉ က ထောက်ခံပေးသည်။ တဖန် နောင်ကာလတွင်လည်း ယုံကြည်သူ ရှိသမျှတို့သည် ကိုယ်တော်နှင့် အတူ သူတို့အပေါ် စိုးစံကြမည် ဖြစ်သည်။ ဘုရားသခင်သည် လတ်တလော ယာယီအားဖြင့် လူသားထုကို ကောင်းကင်တမန်တို့ အောက်၌ အနည်းငယ် နိမ့်ကျ ဖန်ဆင်းထားသော်ငြား လာမည့် ကမ္ဘာသစ် ဖန်ဆင်းခံရှိသမျှအပေါ် အုပ်စိုးရန် လူသားတို့အား တာဝန်အပ်နှင်းခဲ့ကြောင်း စာရေးသူ ဂရုပြုမှတ်သားခဲ့သည်။ လူသားများသို့ အပ်နှင်းထားပြီးဖြစ်သော ဤအဆုံးသတ် ဘုန်းအသရေအား ဘုရားသခင့် တော်ဝင် ယဇ်ပရောဟိတ်အဖြစ် ကောင်းကင်တွင် ယခုစိုးစံနေသည့် ခရစ်တော်၏ အုပ်စိုးမှု၌ ကြိုတင် မျှော်လင့်ထားသည်။

ထို့ပြင် အဆုံးသတ်အားဖြင့် ဟေဗြဲ ၂း၁၀-၁၈ ၌ ယေရှုသည် အာဗြဟံ ၏ သားမြေးဖြစ်ကြောင်း စာရေးသူက ဖော်ပြထားသည်။ သို့ဖြစ်၍ ယေရှုသည် ကောင်းကင်တမန်များနှင့် မဟုတ်ဘဲ အာဗြဟံ ၏ သားမြေးတို့နှင့်အတူ ဘုန်းတော်ကို မျှဝေခံစားမည် ဖြစ်သည်။ စာရေးသူသည် ယေရှုနှင့် အာဗြဟံ အိမ်ထောင်မိသားစုတို့ ၏ ဆက်သွယ်မှုကို ပြသရန် ဤကဏ္ဍထဲ၌ ဒါဝိဒ်နှင့် ဟေရှာယတို့ကို ကိုးကား ရည်ညွှန်းခဲ့သည်။ သူ ၏ လူ့ဇာတိ အဖြစ်တော်၌ မာရ်နတ်တည်းဟူသော ကျရှုံးကောင်းကင်တမန်ကြီး ၏ တန်ခိုးအား ယေရှု ချိုးဖျက်ခဲ့ကြောင်းကိုလည်း သူ ရှင်းပြခဲ့သည်။ ဤသည်မှာ သေခြင်းကို ကြောက်နေရသည့်ဘဝမှ လွတ်ခြင်းအခွင့်ကို ကောင်းကင်တမန်များသို့ ပေးရန်မဟုတ်ပဲ အာဗြဟံ ၏ အမျိုးအနွယ်သို့သာ ပေးရန် ဖြစ်သည်။ ခရစ်တော် ၏ လူသား ဇာတိခံယူခြင်းက ကိုယ်တော်အား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူ့လူများ ၏ အပြစ်ကိုဖြေပေးခဲ့သော ကရုဏာ၊ သစ္စာတို့နှင့် ပြည့်စုံသည့် ယဇ်ပုရောဟိတ်မင်း အဖြစ်သို့ ပို့ဆောင်ပေးခဲ့သည်။

## မောရှေ ၏ အခွင့်အာဏာ (၃း၁-၄း၁၃)

ကောင်းကင်တမန်များအားဖြင့် ဖွင့်ပြသော ဗျာဒိတ်များနှင့် ပတ်သက်သည့် ဂျူးသွန်သင်ချက်များအား စာရေးသူ မည်သို့ ဆွေးနွေးခဲ့ကြောင်း သိပြီးသည့်နောက် သူ့စာစောင် ၏ ဒုတိယမြောက် အဓိက အပိုင်းဆီ ကျွန်ုပ်တို့ လှည့်ကြပါမည်။ ဟေဗြဲ ၃း၁-၄း၁၃ ၌ မောရှေ ၏ အခွင့်အာဏာအပေါ် စိမ်ခေါ်မှုများကို သူ တုန့်ပြန်ခဲ့သည်။ ဣသရေလ တိုင်းတွင် မောရှေလောက် အကြီးအကျယ် ဂုဏ်တင်ခံရသူ လူသားဟူ၍ မရှိခဲ့ပါ။

မောရှေသို့ ပေးသော ဂုဏ်အသရေကြောင့် ဒေသန္တရ ဂျူး သွန်သင်ချက်များအပေါ် ကျွန်ုပ်တို့ အမှန်စင်စစ် မအံ့ဩသင့်ကြပါ။ ခရစ်တော်ကို ပမာဏ မပြုဘဲ မောရှေအားဖြင့် ဘုရားသခင် ဖွင့်ပြချက် ရှိသမျှကိုသာ နာခံကြစေရန် ဟေဗြဲ ပရိသတ်တို့အား ၎င်းတို့က စိမ်ခေါ် တိုက်တွန်းထားသည်။ ဤအခန်း၌ ကျွန်ုပ်တို့ တွေ့ကြရမည် ဖြစ်သလို ဟေဗြဲစာရေးသူကလည်း မောရှေကို ဂုဏ်တင်ထားသည်။ သို့သော် မောရှေသည် ဘုရားသခင့် သစ္စာရှိ အစေခံဖြစ်ခဲ့သည့်တိုင် ယေရှုမူကား ပို၍ ကြီးမြတ်ခဲ့သည်။ အကြောင်းမှာ ကိုယ်တော်သည် ဘုရားသခင် ၏ နောက်ဆုံးသော ကာလအခါ ယဇ်ပုရောဟိတ်မင်း ဖြစ်ခဲ့သောကြောင့်ပင်။

စာစောင် ၏ ဤအပိုင်းကို အဓိကကျသော အငယ် သုံးခု ခွဲနိုင်သည်။ တစ်ခုချင်းစီတိုင်းတွင် အနည်းဆုံး မောရှေ ၏ အခွင့်အာဏာအထက်၌ ယေရှု ၏ အခွင့်အာဏာကို ချီးမြှောက်သော ဆုံးမဩဝါဒပေးချက် တစ်ခု ပါရှိသည်။ ပထမ အငယ်သည် ဟေဗြဲ ၃း၁-၆ ထိ ဖြစ်ပြီး မောရှေ အထက်တွင် ယေရှုကို ချီးမြှောက်ရန် ဟေဗြဲစာစောင်ပရိသတ်အား ရှင်းလင်းပြတ်သားစွာ တိုက်တွန်းထားသည်။ မောရှေသည် ဘုရားသခင့် အိမ်တော်တည်းဟူသော တဲတော်ကို ဆောက်ခဲ့ကြောင်း ဤအပိုင်းငယ်က ပြည့်ွန်သည်။ သို့သော် ယေရှုမူကား ဘုရားသခင့် တော်ဝင်သားတော်အနေဖြင့် ဘုရားသခင့် အိမ်တော်တည်းဟူသော အသင်းတော် အပေါ်တွင် စိုးစံသည်။

စာရေးသူက သူ့ပရိသတ်ကို ဆုံးမဩဝါဒပေးရာ ဟေဗြဲ ၃း၁-၃ ကို နားထောင်ကြည့်ပါ။

> ယေရှု အကြောင်းကို စေ့စေ့ ဆင်ခြင်ကြလော့။ ......... ယေရှုသည် မောရှေထက် သာ၍ ကြီးသော အသရေကို ခံထိုက်သည် (ဟေဗြဲ ၃း၁-၃)။

ယေရှုသည် မောရှေနည်းတူ ဘုရားသခင်အပေါ် သစ္စာစောင့်ခဲ့သည်။ သို့သော် ယေရှုသည် "သာ၍ ကြီးသော အသရေကို ခံထိုက်သူ" ဖြစ်သည်။

အဆိုပါ ကျမ်းချက်များနောက်တွင် ၃း၇-၁၉ ၌ စာရေးသူသည် မောရှေကို ဆန့်ကျင် ပုံကန်ခဲ့သော ဣသရေလများ နည်းတူ စိတ်နှလုံးခိုင်မာခြင်းနှင့် ဆန့်ကျင်ပုံကန်ခြင်း မရှိကြဖို့ သူ့ပရိသတ်ကို သတိပေးခဲ့သည်။ မောရှေနောက်သို့ လိုက်သူ အများစုသည် ဘုရားသခင်ကို ဆန့်ကျင် ပုံကန်သောကြောင့်



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ကတိတော်နယ်မြေသို့ မဝင်ခဲ့ရကြောင်းကို ပြည့်သွန်ခြင်းဖြင့် အဆိုပါ ဆုံးမဩဝါဒပေးချက်အား စာရေးသူ ထောက်ခံခဲ့သည်။ များစွာ အလားတူပင် ခရစ်တော်နောက်သို့ လိုက်သူတို့သည် သူတို့ ၏ မူလ ဆက်ကပ်ဝန်ခံမှု အတိုင်း အဆုံးတိုင်အောင် တည်ကြည်မှုသာလျှင် ခရစ်တော်နှင့် ဆက်ဆံသူများ ဖြစ်ကြပေလိမ့်မည်။ မယုံကြည်မှုသည် ဣသရေလတို့အား ကတိတော်နယ်မြေနှင့် ဝေးကွာစေခဲ့သည်။ ခရစ်တော်၌ မယုံကြည်မှုသည်လည်း အလားတူပင် ဖြစ်ရပေမည်။

ဟေဗြဲ ၄း၁-၁၃ တွင် စာရေးသူသည် ခရစ်တော်နောက်လိုက်ခြင်းနှင့် မောရှေ နောက်လိုက်ခြင်းတို့ အကြား နှိုင်းယှဉ်မှု အပေါ် အကျယ်တဝင့် ပြုခဲ့သည်။ ဘုရားသခင့် ချမ်းသာထဲသို့ ဝင်နိုင်ရေး အစွမ်းကုန် ကြိုးပမ်းအားထုတ်ကြရန် သူ့ပရိသတ်ကို သူ ဆုံးမဩဝါဒပေးခဲ့သည်။ ဘုရားသခင့် ချမ်းသာထဲသို့ ဝင်ရောက်ရေးသည် အနာဂတ်တွင် ရှိနေဆဲဖြစ်ကြောင်း ဓမ္မဟောင်းကို သုံးပြီး သူ ရှင်းပြခဲ့သည်။ ထို့ကြောင့် ဘုရားသခင့်နှုတ်ကပတ်တော်သည် အရာရာအား ကိုယ်တော့် ရှေ့တော်၌ မည်သို့ မည်ပုံ အကုန်အစင် ဖွင့်လှစ်ပြထားလျက် ရှိကြောင်း သူတို့ နှလုံးသွင်းကြရမည် ဖြစ်သည်။ အရာရာအတွက် သူတို့ စာရင်းရှင်းလင်း တင်ပြရမည့်သူမှာ ဘုရားသခင်ပင် ဖြစ်သည်။ သူတို့သည်လည်း တောကန္တာရထဲလည်နေခဲ့သည့် ဣသရေလတို့ကို အားကျ အတုယူရမည့်အစား ကိုယ်တော်၏ ချမ်းသာထဲ ဝင်စားရေးအတွက်သာ ကြိုးစားသင့်ကြသည်။

## မေလခိဇေဒက် ၏ ယဇ်ပုရောဟိတ် အရိုက်အရာ (၄း၁၄-၇း၂၈)

ကောင်းကင်တမန်များအားဖြင့် ဖွင့်ပြသော ဗျာဒိတ်များနှင့် မောရှေ၏ အခွင့်အာဏာတို့ အကြောင်း ဆွေးနွေးပြီးနောက် ဟေဗြဲ စာစောင်ရေးသူသည် ဟေဗြဲ ၄း၁၄-၇း၂၈ အတွင်း မေလခိဇေဒက် ၏ တော်ဝင် ယဇ်ပုရောဟိတ် အရိုက်အရာနှင့်စပ်လျဉ်းသော ဒေသန္တရ ဂျူး သွန်သင်ချက်များကို ဆန့်ကျင်ခဲ့သည်။

ပြီးခဲ့သည့် ကျွန်ုပ်တို့ သင်ခန်းစာထဲတွင် ကွမ်မ်ရန် တွင် ရှာဖွေတွေ့ရှိခဲ့သည့် *၁၁ကြူမေလခိဇေဒက်* သို့မဟုတ် *မေလခိဇေဒက်အကြောင်း ဂျူးအနက်ဖွင့်ကျမ်း* ဟု ခေါ်သည့် ကျမ်းအကြောင်း ကျွန်ုပ်တို့ ဖော်ပြခဲ့သည်။ ဤကျမ်းသည် မေလခိဇေဒက်အား နောက်ဆုံးသော ကာလအခါ၌ အပြီးသတ် အပြစ်ဖြေယဇ်ပူဇော်ရန်နှင့် ဘုရားသခင့် နိုင်ငံတော်သို့ ရှေ့ဆောင်ခေါ်သွင်းရန် ပေါ်ပေါက်လာမည့် ကောင်းကင် ပုဂ္ဂိုလ်အဖြစ် ဖော်ပြခဲ့သည်။ ပေါ်လွင်နေသည်မှာ မူလပရိသတ်ထဲက အချို့တို့သည် အဆိုပါ သွန်သင်မှုမျိုးတို့ကြောင့် ရှုပ်ထွေးနေခဲ့သည်။ သူတို့သည် အဘယ်ကြောင့် မေလခိဇေဓက်ကို မျှော်လင့်ရမည့်အစား ဘုရားသခင့် တော်ဝင် ယဇ်ပုရောဟိတ်မင်းအဖြစ် ယေရှု နောက်သို့ လိုက်သင့်ကြပါသနည်း။ သို့ဖြစ်သောကြောင့် ဟေဗြဲ စာစောင်ရေးသူက မေလခိဇေဒက် ပုံစံအတိုင်း ကြွလာမည့် စစ်မှန်သောတော်ဝင် ယဇ်ပုရောဟိတ် ယေရှုကို ဖော်ထုတ်ပြသခဲ့ရခြင်း ဖြစ်သည်။

ဤအပိုင်းအား အပိုင်းငယ် လေးခု အတွင်း ရှင်းပြထားသည်။ ပဌမ နှင့် တတိယ အခန်းငယ်တို့သည် မေလခိဇေဒက် ၏ အထက်တွင် ခရစ်တော်ကို ချီးမြှောက်ရန် ပရိသတ်ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ဆုံးမဩဝါဒ ပေးကြပြီး ဒုတိယနှင့် စတုတ္ထ အခန်းငယ်တို့က ထိုသို့ပြုရသည့် အကြောင်းများကို ရှင်းပြကြသည်။

ဟေဗြဲ ၄း၁၄-၁၆ အတွင်း စာရေးသူသည် သူ့ပရိသတ်အား သူတို့ ဝန်ခံခဲ့ပြီးသော ယုံကြည်ခြင်းကို အခိုင်အမာကိုင်စွဲထားရေး ဆုံးမဩဝါဒ ပေးချက် တစ်ခုနှင့်အတူ မေလခိဇေဒက် အကြောင်း မိတ်ဆက်ခဲ့သည်။ ယေရှုသည် အပြည့်အဝ လူသားဇာတိ ရှိကြောင်း၊ အပြစ်ကင်းစင်ကြောင်း၊ ကောင်းကင်သို့ တက်ကြွပြီး ယုံကြည်သူများအား သနားခြင်းကရုဏာ ခံစားစေသည်သာမက လိုအပ်သည့်အချိန်အခါများ၌ သူတို့အား ကျေးဇူးတော်အားဖြင့် ထောက်မပေးသော ကြီးမြတ်သည့် ယဇ်ပုရောဟိတ် ဖြစ်ကြောင်း အလေးပေးဖော်ပြခြင်းဖြင့် စာရေးသူသည် သူ့ပရိသတ်ကို အားပေးခဲ့သည်။

ယေရှုသည် မေလခိဇေဒက် နည်းတူ ဘုရားသခင့် တော်ဝင် ယဇ်ပုရောဟိတ်မင်းအဖြစ် မည်သို့ အရည်အချင်းပြည့်မီကြောင်း ၅း၁-၁၀ ၌ ဟေဗြဲ စာစောင်ရေးသူက ရှင်းပြထားသည်။ ယေရှုသည် ကိုယ်တော် ၏ နာခံခြင်း၊ ဆင်းရဲဒုက္ခ ခံခြင်းများအားဖြင့် ယဇ်ပုရောဟိတ် ဆိုင်ရာ အရည်အချင်း စံနှုန်း ပြည့်မီခဲ့သည်။ သို့သော် ဤအဆင့်အခြေအနေ ရောက်လာစေဖို့ မိမိကိုယ်မိမိ မြှင့်တင်ခဲ့ခြင်းတော့ မပြုခဲ့ပါ။ ဆာလံ ၂း၇ နှင့် ၁၁၀း၄ ကို ကိုးကားသောအားဖြင့် မေလခိဇေဒက် ၌ ဣသရေလတို့ ထားရှိသော မျှော်လင့်ချက်တို့သည် အမှန်စင်စစ် ဒါဝိဒ်နန်းဆက်အားဖြင့် ပြည့်စုံခြင်းသို့ ရောက်လိမ့်မည် ဖြစ်ကြောင်း စာရေးသူ ဖော်ပြခဲ့သည်။ ထို့ကြောင့် ဘုရားသခင် ကိုယ်တော်တိုင်က ယေရှုအား မေလခိဇေဒက်နည်းတူ ယဇ်ပုရောဟိတ်မင်းဖြစ်ကြောင်း သတ်မှတ်ပေးခဲ့သည်။ ထိုသို့အားဖြင့် ယေရှုသည် ကိုယ်တော်ကို နာခံသူတိုင်းအတွက် ထာဝရ ကယ်တင်ခြင်းကိုပေးသော အရင်းအမြစ် ဖြစ်လာခဲ့သည်။

ဟေဗြဲ ၅း၁၁-၆း၁၂ သည် ဟေဗြဲ စာစောင် ပရိသတ်တို့အား အခြေခံမူလ အမြစ်တို့မှ စုံလင်ရင့်ကျက်ခြင်းဆီသို့ ရွေ့လျားနိုင်ဖို့ အကျယ်တဝင့် ဆုံးမဩဝါဒ ပေးချက် တစ်ခု ဖြစ်သည်။ ခရစ်တော်နှင့် မေလခိဇေဒက် အကြောင်း ဆွေးနွေးချက်အား သူ့ပရိသတ်တို့ မဆုပ်မကိုင်မိ ဖြစ်နေပုံကိုလည်း စာရေးသူ ဝန်ခံထားသည်။ သို့သော် သူတို့ ယုံကြည်ခြင်းမှ ရွေ့လျော့ပြီး မိစ္ဆာဒိဋ္ဌိ ဖြစ်မသွားကြဖို့ သူတို့ ၏ အသိတရား ရင့်ကျက်လာအောင် သူတို့ကို သူအားပေးခဲ့သည်။ တစ်ပါးတည်းသော စစ်မှန်သည့် တော်ဝင် ယဇ်ပုရောဟိတ်ကို ယုံကြည်ခြင်းမှ သူတို့ ရွေ့လျော့ခဲ့ပါက အပြစ်ဖြေရာ ယဇ်မရှိနိုင်တော့ကြောင်း သူ သတိပေးခဲ့သည်။ သူ့ပရိသတ်အပေါ် စာရေးသူ အကြီးအကျယ် မျှော်လင့်ချက် ထားခဲ့သည်။ သို့သော် ပျင်းရိခြင်းမှ သူတို့လှည့်ပြန်၍ ဘုရားသခင် ကတိထားတော်မူသော အရာကို အမွေခံဖို့ ယုံကြည်ခြင်း၌ သည်းခံဖြတ်သန်းသူတို့ကို သူတို့ အတုယူခဲ့ကြဖို့ လိုပါသည်။

ယေရှုသည် မေလခိဇေဒက် ၏ တော်ဝင် ယဇ်ပုရောဟိတ် အရိုက်အရာကို ဖြည့်ဆည်းထမ်းဆောင်သူ ဖြစ်ကြောင်း ဟေဗြဲ ၆း၁၃-၇း၂၈ ၌ စာရေးသူ ဆက်ဆွေးနွေးခဲ့သည်။ အတိအကျဆိုပါက ယေရှု ၏ တော်ဝင် ယဇ်ပုရောဟိတ် အရိုက်အရာ ရယူခြင်းသည် လေဝိ ယဇ်ပုရောဟိတ် အရိုက်အရာထက် ကြီးမြတ် သို့မဟုတ် သာလွန်ခဲ့သည်။ ဟေဗြဲ စာစောင်ကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ရေးစဉ်အခါက ယေရုရှလင် ဗိမ္မာန်တော် ယဇ်ပူဇော်ခြင်း စနစ်သည် ဆက်လက် အသက်ဝင်နေဆဲ ဖြစ်ခဲ့သည်။ ဤအချက် သည် ဗိမ္မာန်တော်၌ လေဝိ ဆိုင်ရာ ယဇ်ပူဇော်ခြင်း အမှုကိစ္စပြဌာန်းချက်များအား ယေရှု ၏ အသေခံခြင်းက အဆုံးတိုင်စေခဲ့ပြီးပြီ ဆိုသည့် ခရစ်ယာန် အဆိုပြုချက်ကို အကြီးအကျယ် ထိုးနှက်ရာ ရောက်ခဲ့သည်။ ဤ အခက်အခဲကို ဖြေရှင်းရန်အတွက် နောင်ကာလအခါ ယဇ်ပူဇော်ခြင်း အမှု ကိစ္စရှိသမျှကို ဆုံးခန်းတိုင်စေလိမ့်မည် ဆိုသည့် ဒေသန္တရ ဂျူး ယုံကြည်ချက်တို့ အပေါ် စာရေးသူ တည်ဆောက်ခဲ့သည်။ သို့သော် ဆာလံ ၁၁၀း ၄ ပါ ဘုရားသခင် ကျိန်ဆိုတော်မူသော အကျိန်အရ သူ နိဂုံးချုပ် ကောက်ချက်ချခဲ့သည်မှာ ဒါဝိဒ် ၏ ကြီးမြတ်သော သားတော် ယေရှုသည် မေလခိဇေဒက်နည်းတူ ထာဝရ ယဇ်ပုရောဟိတ် ဖြစ်သည် ဆိုသည့် အချက်ပင် ဖြစ်သည်။ ထို့ကြောင့် ယေရှုသည် လေဝိဆိုင်ရာ ယဇ်ပူဇော်ခြင်း စနစ်ကို ဆုံးခန်းတိုင်စေခဲ့ပြီး ဖြစ်သည်။

လေဝိမှ ဆင်းသက်သော ယဇ်ပုရောဟိတ် အရိုက်အရာထက် ယေရှု သာလွန် ကြီးမြတ်ကြောင်းကို ပြသရန် စာရေးသူသည် ကမ္ဘာ ၁၄း၂၀ အတွင်း အာဗြဟံထက် မေလခိဇေဒက် သာလွန်ကြီးမြတ်ကြောင်း ပြသရာ အာဗြဟံ ဆယ်ဖို့ တစ်ဖို့ ပေးခန်းကိုလည်း ဂရုပြု မှတ်သားခဲ့သည်။ ထို့ကြောင့် အာဗြဟံ ၏ သားမြေးဖြစ်သော လေဝိသည်လည်း ပုံဆောင်ချက် သဘောအရ အာဗြဟံအားဖြင့် အလားတူ ပြုခဲ့သည်။ သို့ဖြစ်၍ ခရစ်တော်သည် မေလခိဇေဒက် နည်းတူ တော်ဝင် ယဇ်ပုရောဟိတ်မင်းကြီး ဖြစ်သောကြောင့် လေဝိ မှ ဆင်းသက်သော ယဇ်ပုရောဟိတ်ထက် သာလွန်ကြီးမြတ်ကြောင်း ပြောဆိုချက်သည် ကိုယ်တော်အတွက် လျော်ကန်သင့်မြတ်လှပေသည်။ လေဝိ ယဇ်ပူဇော်ခြင်းများသည် အပြစ်ကို ရှင်းရှင်း မဖြေလွှတ်နိုင်ပေ။ သို့သော် မေလခိဇေဒက် ၏ တော်ဝင် ယဇ်ပုရောဟိတ် အရိုက်အရာအရ အမှုဆောင်သောအားဖြင့် ခရစ်တော်သည် တစ်ကြိမ်တည်းနှင့် အပြီးအပိုင် အပြစ်ဖြေလွှတ်ပေးခဲ့သည်။

> တရားဟောသူ၊ ကျမ်းစာသင်သူတို့အတွက် ရေပန်းစားသော ဟေဗြဲ ကျမ်း ၏ အပိုင်းတစ်ခုမှာ ဓမ္မဟောင်းကျမ်းလာ လူသိနည်းလှသော မေလခိဇေဒက် ယဇ်ပုရောဟိတ်မင်းနှင့် ယေရှုတို့အကြား နှိုင်းယှဉ်ချက်ပင် ဖြစ်သည်။ ဤနှိုင်းယှဉ်မှု မတိုင်မီ စာရေးသူသည် လေဝိ အမျိုးမှ ဆင်းသက်သော အာရုံသားမြေးတို့ ၏ ယဇ်ပုရောဟိတ် အရိုက်အရာနှင့်လည်း နှိုင်းယှဉ်မှု ပြုခဲ့သည်။ အာရုံသားမြေးတို့ ၏ ယဇ်ပုရောဟိတ် အရိုက်အရာသည် သားစဉ်မြေးဆက် အမွေဆက်ခံခြင်းဖြင့် ရရှိသည်။ လေဝိ အမျိုးအနွယ်အတွင်း ဖခင်မှ သားသို့ လက်ဆင့်ကမ်းသည်။ ယေရှု ၏ ယဇ်ပုရောဟိတ် အရာမှာ ထိုသို့ မဟုတ်ပေ။ သူသည် လေဝိ သားမြေးကို အမွေခံသူ မဟုတ်ပေ။ အကြောင်းမှာ သူသည် ယုဒ အမျိုး ဒါဝိဒ် အနွယ်မှ ဆင်းသက်၍ ဖြစ်သည်။ အာရုံ မျိုးနွယ် ယဇ်ပုရောဟိတ်တို့သည် အိုနာသေကြရသောကြောင့် အာရုံ ယဇ်ပုရောဟိတ် အရိုက်အရာသည် ဖခင်မှ သားဆီ လက်ဆင့်ကမ်း ရောက်ရှိသည်။ ဤအရာနှင့် ဆန့်ကျင်ကွဲလွဲစွာပင် ယေရှု ၏ ယဇ်ပုရောဟိတ်အရာသည် ထာဝရ တည်မြဲသည်။ သူ၏ ယဇ်ပုရောဟိတ် အရိုက်အရာသည် ထာဝစဉ် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူသည် တစ်ပါးတည်းသော မပြောင်းမလဲသည့် ယဇ်ပုရောဟိတ် ဖြစ်နေဆဲပင် ဖြစ်သည်။ လူ့ရှုထောင့်မှကြည့်လျှင် မေလခိဇေဒက် ၌ ယဇ်ပုရောဟိတ်အရာအတွက် အခွင့်အရေး မရှိသော်လည်း ဘုရားသခင် ရွေးကောက်သော ယဇ်ပုရောဟိတ်တစ်ပါး အဖြစ် လူ့သမိုင်းကြောင်းတွင်းသို့ သူ ဝင်ရောက်လာပြီးနောက် ပျောက်ကွယ်သွားသည်။ ယေရှုလည်း အလားတူ ပြုမူသည်။ ရှင်ပြန်ထမြောက်ပြီးသည်နှင့် သူ ၏ မြေကြီးပေါ် အမှုဆောင်ကာလ အဆုံးသတ်သည့်နောက် ကောင်းကင်သို့ တက်ကြွသည်။

**Dr Alvin Padilla**

ဟေဗြဲစာစောင်ထဲ၌ ယဇ်ပုရောဟိတ် အရိုက်အရာ နှစ်မျိုးကို ဖော်ပြထားသည်။ တစ်ခုသည် အာရုံက အစပြုခဲ့သော အစဉ်အလာ ယဇ်ပုရောဟိတ် အရိုက်အရာဖြစ်ပြီး လေဝိ အမျိုး၊ လေဝိ ယဇ်ပုရောဟိတ်များက တာဝန်ယူ လုပ်ဆောင်သည်။ နောင်တစ်ခုမှာ တိုင်းရင်းသားလူမျိုးနွယ်စုခေါင်းဆောင်များ ခေတ်ကာလအတွင်းစောစီးစွာကပင် ပေါ်ထွန်းသော တမူထူးခြားသည့် မေလခိဇေဒက် ယဇ်ပုရောဟိတ် အရိုက်အရာ ဖြစ်သည်။ သူသည် ထာဝရ ဘုရားသခင် ၏ ယဇ်ပုရောဟိတ် ဖြစ်ပြီး အာဗြဟံခေတ်ကာလ ထာဝရ ဘုရားသခင့် ယဇ်ပုရောဟိတ်မင်းကြီးလည်း ဖြစ်သည်။ ယေရှုအား အဆိုပါ ယဇ်ပုရောဟိတ် ပုံစံနှစ်ခုလုံးဖြင့် နှိုင်းယှဉ်ထားသည်။ တစ်ခုမှာ လေဝိ ယဇ်ပုရောဟိတ် အရိုက်အရာထက် သာလွန်ကြီးမြတ်ကြောင်းကို ပြသည့် အဓိပ္ပာယ်ဖြစ်ပြီး နောက်တစ်ခုမှာ မေလခိဇေဒက် ယဇ်ပုရောဟိတ်မင်း ၏ အများနှင့်မတူ တမူထူးခြားပုံနှင့် အလားတူဖြစ်ကြောင်း ပြသည့် အဓိပ္ပာယ် ဖြစ်သည်။ သူ ၏ ယဇ်ပုရောဟိတ် အရိုက်အရာသည် ထာဝရ ခန့်အပ်ထားချက်ပင် ဖြစ်သည်။ မေလခိဇေဒက် အကြောင်း ကျွန်ုပ်တို့ သိရသမျှမှာ သူ၌ မိဘ မရှိ၊ သူ့နောက်ခံသမိုင်း၌လည်း ဆွေစဉ်မျိုးဆက်စာရင်း ဖော်ပြချက် မရှိဘဲ မြင်ကွင်းထဲ ပေါ်ထွက်လာသည်။ သူ့အား အာဗြဟံက အရိအသေ ပေးခဲ့သည်။ သူသည် အာဗြဟံထံမှ ဆယ်ဖို့ တစ်ဖို့ကို ခံယူခဲ့သည် ဖြစ်သောကြောင့် အာဗြဟံထက် ပိုအရေးပါသည်။ ငယ်သူကသာ ကြီးသူကို ဆယ်ဖို့ တစ်ဖို့ ပေးမြဲဖြစ်သည်။ ယုဒဘာသာတရား နှင့် ဣသရေလ သမိုင်းကို ဖြစ်တည်စေခဲ့သော လူမျိုးနွယ်စု အကြီးအကဲများလို တကယ့်ပုဂ္ဂိုလ်များ ထံမှ လေးစားကြည်ညိုမှု ရရှိပြီး အဖက်ဖက်၌ သာလွန်ကြီးမြတ်သည်။ လေဝိ ယဇ်ပုရောဟိတ် အရိုက်အရာသည် သူ့ အခွင့်အာဏာအောက်တွင် အဆုံးသတ် ဖြစ်တည်ရသောကြောင့် မေလခိဇေဒက် ယဇ်ပုရောဟိတ်မင်း ပုံစံနှင့် ပုံရိပ်သည်သာ အစဉ်တည်မြဲသည်။ ထိုနည်းတူစွာ အသစ်သော ယဇ်ပုရောဟိတ်

အရိုက်အရာ ဖြစ်သည့် ခရစ်တော်၏ ယဇ်ပုရောဟိတ် အရိုက်အရာကိုလည်း မေလခိဇေဒက် နည်းတူ ပြဌာန်းထားသည်။

**Dr Edward M. Keazirian**

# ပဋိညာဉ်သစ်

စတုတ္ထမြောက် အဓိက အပိုင်းသည် ဟေဗြဲ ၈း၁-၁၀း၄၀ ထိ ဖြစ်ပြီး ပဋိညာဉ် သစ်ပေါ်တွင် စူးစိုက်ထားသည်။ ဤနေရာတွင် ပဋိညာဉ်တရားသစ်က ပဋိညာဉ် တရားဟောင်းထက် မည်သို့ သာလွန်ကြီးမြတ်ကြောင်း ဆွေးနွေးသောအားဖြင့် ဘုရားသခင့် တော်ဝင် ယဇ်ပုရောဟိတ်အဖြစ် ခရစ်တော် ခန့်အပ်ခံရမှု၏ ကြီးမြတ်ပုံကို ဟေဗြဲစာရေးဆရာက ဆက်လက် ရှင်းပြထားသည်။

"ပဋိညာဉ် တရားသစ်" ဟူသော ဝေါဟာရကို ယေရမိ ၃၁း၃၁ မှ ရယူသည်။ ဤကျမ်းချက်ထဲ၌ နောင်ကာလအခါ ဣသရေလတို့ ကျွန်ဘဝမှ လွတ်သည့်နောက် ဣသရေလနှင့် ယုဒတို့ကို အဆုံးသတ် အသစ်ပြုပြင်ပေးရန် ဘုရားသခင်က အသစ်သော ပဋိညာဉ် ပြုမည့်အကြောင်း ပရောဖက်က ကြိုတင်ဟောပြောခဲ့သည်။ ဤ အလားတူ နောက်ဆုံးသောကာလဆိုင်ရာ ပဋိညာဉ်အား ဟေရှာယ ၅၄း၁၀ နှင့် ယေဇကျေလ အခန်းကြီး ၃၄၊ ၃၇ တို့တွင် "ငြိမ်သက်ခြင်း ပဋိညာဉ်" ဟု ခေါ်ဆိုထားသည်။ သို့ဖြစ်လျှင် ဤနေရာ၌ ဟေဗြဲစာစောင်ရေးသူသည် နောင်ကာလအခါ ပေါ်ထွန်းမည့် မေလခိဇေဒက်အကြောင်းကို ဆွေးနွေးနေရာမှ ပဋိညာဉ်သစ် အကြောင်း ဆွေးနွေးမှုဆီသို့ ကူးပြောင်းသွားသည်။

ဤ ဟေဗြဲစာစောင် အပိုင်းတွင် အပိုင်းငယ် ၈ ခု ပါဝင်သည်။ ပထမအားဖြင့် ကောင်းကင်၌ အမှုဆောင်နေသော တော်ဝင် ယဇ်ပုရောဟိတ်မင်းအနေနှင့် ပဋိညာဉ် တရားသစ်ကို ယေရှု အာမခံ လုပ်ဆောင်ပေးနေကြောင်း ၈း၁-၁၃ က မိတ်ဆက်ထားသည်။

အခန်းငယ် ၁ နှင့် ၂ တို့တွင် စာရေးသူသည် သူ့အခေါ် "ယခု ဆိုခဲ့ပြီးသော အကြောင်းအရာတို့ ၏ အချုပ်အခြာ" ဆိုသည်ကို ရှင်းလင်းပြတ်သားစွာ ဖော်ပြခဲ့သည်။ ခရစ်တော်တည်းဟူသော တော်ဝင် ယဇ်ပုရောဟိတ်မင်းသည် "လူမဆောက်ဘဲ ထာဝရ ဘုရားဆောက်တော်မူသော တဲတော်စစ်" ၌ ကောင်းကင်မှ အမှုဆောင်နေကြောင်း သူ ရှင်းပြခဲ့သည်။

တနည်းဆိုသော် လေဝိ ယဇ်ပုရောဟိတ် အရိုက်အရာက အဆိုပါ လုပ်ငန်းဆောင်ရွက်မှုကို မြေကြီးပေါ်မှာ ပြည့်စုံစေခဲ့သည်။ သို့သော် သူတို့ ၏ ယဇ်ပုရောဟိတ် အရာသည် ပညတ်တရားပေါ်တွင် အခြေခံသည်။ ဓမ္မဟောင်းကျမ်းလာ မောရှေ ပဋိညာဉ်က လေဝိ ယဇ်ပုရောဟိတ် အရိုက်အရာကို ပြဌာန်းခဲ့သော်ငြား ၎င်းသည် ဣသရေလ ၏ အပြစ်ကြောင့် ကျရှုံးခဲ့ရသည်။

၎င်းနှင့် ဆန့်ကျင် ခြားနားစွာပင် ယေရမိ အခန်းကြီး ၃၁ ပါ ပဋိညာဉ် တရားသစ်မူကား ကျရှုံးခြင်း မရှိနိုင်။ အကြောင်းမှာ ဟေဗြဲ ၈း၆ အရ



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

> ၎င်းသည် သာ၍ မြတ်သော ပဋိညာဉ်တရားပေါ်တွင် တည်ထားသောကြောင့် ဖြစ်သည် (ဟေဗြဲ ၈း၆)။

အဆိုပါ "သာ၍ မြတ်သော ကတိတော်များ"သည် ဘုရားသခင့်လူတို့ ၏ ပြီးပြည့်စုံသော ပြောင်းလဲခြင်းကိုသာမက သူတို့ အပြစ်မှ အဆုံးသတ် ထာဝရ လွတ်ခြင်းကိုပါ ပေးစွမ်းနိုင်သည်။

ဟေဗြဲ ၉း၁-၂၈ တွင် စာရေးသူသည် လေဝိ ယဇ်ပုရောဟိတ် အရာထက် ယေရှု ၏ ကောင်းကင်တော်ဝင် ယဇ်ပုရောဟိတ် အရာက သာလွန်ကြီးမြတ်သည် ဆိုသည့်အချက်အပေါ် အကျယ်တဝင့် ပြောခဲ့သည်။ မောရှေ ၏ မြေကြီး တဲတော် အစီအစဉ်သည် ဘုရားသခင့် ကောင်းကင် သန့်ရှင်းရာဌာနနှင့် တူညီသော အင်္ဂါရပ်များကို ဖွင့်ပြနေကြောင်း ဖော်ပြခြင်းဖြင့် ဤအပိုင်းကို သူစတင်ခဲ့သည်။ ထိုမျှမက နှစ်စဉ် အပြစ်ဖြေရာနေ့နှင့် စပ်လျဉ်းသော ဝတ်ပြုရာ ၁၆း၃၄ တွင် မိန့်မှာထားသည့် ယဇ်ပုရောဟိတ် လုပ်ငန်းဆောင်တာများကို သူ ဖော်ပြခဲ့သည်။ ဤအချက်က မြေကြီးတဲတော်မှာပြုသည့် ယဇ်ပူဇော်မှုများသည် အပြစ် ပြဿနာကို အပြည့်အဝ မဖြေရှင်း နိုင်သဖြင့် နှစ်စဉ် အပြစ်ဖြေခြင်းကို အထပ်ထပ် ပြုရကြောင်း ဖော်ပြသည်။ အဆိုပါ ယဇ်တို့အား နောင်ကာလအခါ လူ့သမိုင်း အဆုံးမသတ်မီ၊ ဟေဗြဲ ၉း၁၀ ပါ သူ့အဆိုအရ "အသစ်ပြုပြင်ခြင်းကာလ" မတိုင်မီ အထိသာ ပြဋ္ဌာန်းထားခဲ့သည်။ ထို့နောက် ဟေဗြဲ ၉း၁၁ တွင်

> ခရစ်တော်သည် ဤနေရာ၌ ယခုပင် ရောက်နေပြီဖြစ်သည့် နောင်မင်္ဂလာ အကျိုးတို့ ၏ ယဇ်ပုရောဟိတ်မင်းအဖြစ် လာခဲ့ကြောင်း သူ ဖြည့်စွက်ခဲ့သည် (ဟေဗြဲ ၉း၁၁)။

ခရစ်တော်၌ ယုံကြည်ခြင်း ရှိသူများသည် ကိုယ်တော်၏ ပြီးပြည့်စုံသော ယဇ်ပုရောဟိတ် ဆိုင်ရာ အပြစ်ဖြေမှုအားဖြင့် အပြစ်လွတ်ခြင်းအခွင့် ရရှိပြီး ကောင်းကင်ရှိ ကျေးဇူးပလ္လင်တော်သို့ ရဲရင့်စွာ ချဉ်းကပ်ခွင့်ကို ယခု ရရှိသည် ဆိုသည့်အပေါ် ဤဖော်ပြချက်က အလေးပေးထားသည်။

> အပြစ်အတွက် ယေရှု ပူဇော်ခြင်းအကြောင်းနှင့် ဓမ္မဟောင်း ယဇ်ပူဇော်မှုစနစ်တို့ အကြား ဟေဗြဲစာစောင်ရေးသူက ဆန့်ကျင်ခြားနားပြပုံ တစ်ခုမှာ ဓမ္မဟောင်း ယဇ်ပူဇော်မှုစနစ်ထဲက ယဇ်ပုရောဟိတ်လုပ်ငန်းသည် မည်သည့်အခါတွင်မျှ ပြီးပြည့်စုံခဲ့ခြင်း မရှိသည့် အချက်ဖြစ်သည်။ ယဇ်ပုရောဟိတ်သည် အပြစ်ဖြေ ယဇ်ကို ထပ်ကာ ထပ်ကာ အစဉ်မပြတ် ပူဇော်နေခဲ့ရသည်။ စာရေးသူ ပြောလိုသည့်အချက်မှာ ထိုလုပ်ငန်းသည် အပြစ် ဖြေရှင်းရန် လိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးခြင်း မရှိသော်လည်း ယေရှု လုပ်ဆောင်ချက်မူကား အပြည့်အဝ ဖြည့်ဆည်းပေးသည် ဆိုသည့် အချက်ဖြစ်သည်။ အမှန်အားဖြင့် ဓမ္မဟောင်း ယဇ်ပုရောဟိတ်တို့သည် လုပ်ဆောင်ရန် အလုပ် ပြီးစီးသည်ဟူ၍ မရှိသည့်အတွက် အမြဲတမ်း မတ်တတ်ရပ်လျက် နေကြရသည်။ သို့သော် ယေရှုမူကား အပြစ်အတွက် မိမိကိုယ်ကို ပူဇော်ပြီးသွားသည်နှင့် ဘုရားသခင့်

လက်ယာဖက်တွင် ထိုင်တော်မူသော ကြီးမြတ်သည့် ယဇ်ပုရောဟိတ်မင်း ဖြစ်သည်။ ယေရှု ထိုင်တော်မူသော်လည်း ဟေဗြဲစာစောင်ရေးသူက ထို အခြင်းအရာအား သူ့လုပ်ဆောင်ချက် ပြီးပြည့်စုံသွားကြောင်း၊ အပြစ်ကို အပြည့်အဝ ဖြေရှင်းဆောင်ရွက်သဖြင့် ၎င်းသည် လုံးဝ ပြီးဆုံးသွားကြောင်း ပြောဆိုသည့်အနေနှင့် အနက်ဖွင့်ဆိုသည်။

**Dr Constantine Campbell**

အဘယ်ကြောင့် ယေရှု ၏ ယဇ်ပူဇော်မှု မရှိမဖြစ် လိုအပ်ရသည်ကိုလည်း စာရေးဆရာက ရှင်းပြထားသည်။ သာဓက ပေး၍ ရှင်းခဲ့သည်။ ပုံမှန် သေတမ်းစာတို့သည် တစ်စုံတစ်ယောက် အနိစ္စရောက်သည်နှင့် စတင် အသက်ဝင်သည်။ မောရှေ ပဋိညာဉ်သည် သေခြင်းနှင့် အသွေးအားဖြင့် အသက်ဝင် အစပြုသည်။ ထို့ကြောင့် ပဋိညာဉ်သစ်သည်လည်း သေခြင်းနှင့် အသွေးအားဖြင့် တနည်းဆိုသော် ဘုရားသခင့် ကောင်းကင် နန်းတော် ၏ အသန့်ရှင်းဆုံး ဌာနအတွင်း ခရစ်တော် ၏ အသွေးတော်အားဖြင့် အစပြု အသက်ဝင်ရန် ရှိခဲ့ကြောင်း စာရေးသူ တွေးခေါ် ခဲ့သည်။ သို့သော် ဤ အခြင်းအရာ၌ "သေတမ်းစာ" ကပေးသည့် အမွေသည် ခွင့်လွှတ်ခြင်း ဖြစ်သည်။ ထို့ကြောင့် ယေရှု အသွေးနှင့် ယဇ်ပူဇော်ခြင်းအားဖြင့် လူတို့ သန့်ရှင်းခြင်းသို့ မရောက်မချင်း ခွင့်လွှတ်ခြင်း မရှိနိုင်သေးပေ။ ဟေဗြဲ ၉း၂၆ ၌ စာရေးသူက ဤသို့ ဖော်ပြသည်။

> ယခုတွင် ကိုယ်တော်သည် မိမိကိုယ်ကို ပူဇော်ခြင်းဖြင့် အပြစ်ကို ဖြေရှင်းရန် ကပ်ကာလ အဆုံး၌ တစ်ကြိမ်တည်းနှင့် အပြီးအပိုင် ပေါ်ထွန်းခဲ့သည်။

ကိုယ်တော် ၏ အသွေးတော်ကို လူလက်ဖြင့် လုပ်သော သန့်ရှင်းရာ ဌာနထဲ၌ ပက်ဖြန်းခြင်း မဟုတ်သဖြင့် ယေရှုသည် အပြစ်ကို တစ်ကြိမ်တည်းနှင့် အပြီးအပိုင် ဖြေရှင်းခဲ့သည်။ မိမိကိုယ်ကို ပူဇော်ခြင်းဖြင့် ကောင်းကင်ကိုယ်ထဲသို့ သူ ဝင်ရောက်ခဲ့သည်။ ဘုရားသခင်သည် ယေရမိ ၃၁း၃၄ တွင် ကတိထားတော်မူခဲ့သည်မှာ

> ထိုအခါ ငါသည် သူတို့အပြစ်များကို သည်းခံမည်။ သူတို့ပြုသော ဒုစရိုက်များကို မအောက်မေ့ဘဲနေမည်ဟု ထာဝရဘုရား မိန့်တော်မူ၏ (ယေရမိ ၃၁း၃၄)။

တရားစီရင်ခြင်းမှ မိမိလူတို့ကို လွှတ်ခြင်းအခွင့်ပေးရန် အဖိုးအခပေးသည့် အနေဖြင့် ယေရှု အသေခံခဲ့သည်။ အပြစ်နှင့် မဆိုင်ဘဲ ခရစ်တော် ပြန်ကြွလာမည့်အကြောင်း ဖော်ပြခြင်းအားဖြင့် ဤကဏ္ဍကို စာရေးသူ နိဂုံးချုပ်ခဲ့သည်။ ကိုယ်တော်ပြန်ကြွလာချိန်တွင် ကိုယ်တော်ကို မျှော်လင့်နေသူတို့ထံ စုံလင်ပြည့်ဝသော ကယ်တင်ခြင်းအား ယေရှု ယူဆောင်လာပေးမည် ဖြစ်သည်။

ဟေဗြဲ ၁၀း၁-၁၈ သည် မောရှေ ပဋိညာဉ် နှင့် ပဋိညာဉ်သစ်တို့အကြား ဆက်လက် နှိုင်းယှဉ် ခြားနားမှု ပြုထားသည်။ ဤအကြိမ်တွင် ပဋိညာဉ်တရားသစ်၌ ယေရှု ၏ ယဇ်ပုရောဟိတ်မင်း



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

အရိုက်အရာက အပြီးသတ် အပြစ်ခွင့်လွှတ်ခြင်းကို ယူဆောင်လာခဲ့ကြောင်း စာရေးသူ အခိုင်အမာဖော်ပြခဲ့သည်။ အပြစ်ဖြေရာနေ့ ယဇ်ပူဇော်ခြင်းတို့သည် ဒုစရိုက်တို့ကို နှစ်စဉ် သတိပေးရုံမျှသာ တတ်နိုင်ကြပြီး အပြစ်ကို ဖြေရှင်းနိုင်စွမ်းတော့ မရှိကြောင်း သူ အထပ်ထပ်ပြောခဲ့သည်။ ထို့ပြင် တိရစ္ဆာန်ယဇ်တို့သည် ဘုရားသခင်ကို မည်သည့်အခါကမျှ မနှစ်သက်စေနိုင်ပေ။ ဘုရားသခင်ထံ မိမိကိုယ်မိမိ ဒါဝိဒ် ပူဇော်ဆက်ကပ်ခဲ့မှုအကြောင်းကို ဖော်ပြရာ ဆာလံ ၄၀ ထဲက ဒါဝိဒ်အား စံအဖြစ် သူကိုးကားခဲ့သည်။ ထို့နောက် ကားတိုင်ပေါ်၌ မိမိကိုယ်မိမိ ပူဇော်သော ယေရှုသည် အဆိုပါ စံကို ဖြည့်ဆည်းခဲ့ကြောင်း သူ ရှင်းပြခဲ့သည်။ လေဝိသားတို့ ၏ ယဇ်ပူဇော်မှုတို့သည် အပြစ်ခွင့်လွှတ်ခြင်းကို ဆုံးခန်းတိုင်အောင် မပေးနိုင်သော်ငြား ယေရမိ ကြိုတင်ဟောပြောသည့် ပဋိညာဉ် တရားသစ်ကမူ သူ့လူတို့ ၏ အပြစ်ကို ထာဝရ ဘုရားသခင် အစဉ်အမြဲ လွှတ်တော်မူမည့်အကြောင်း ကတိပြုထားသည်။ ထိုအရာကို ယေရှု အောင်မြင် ပြီးမြောက်ခဲ့သည်။ ထို့ကြောင့် တိရစ္ဆာန် ယဇ်ပူဇော်ခြင်းများကို ဆက်လုပ်ဖို့ မည်သည့် လိုအပ်ချက်မျှ မရှိတော့ပါ။

ဟေဗြဲ ၁၀း၁၉-၂၃ သည် ဆုံးမဩဝါဒပေးချက် အခန်းကဏ္ဍ လေးခုထဲမှ ပထမဆုံး တစ်ခု ဖြစ်သည်။ ဦးစွာ စာရေးသူသည် သူ့ပရိသတ်အား ဘုရားသခင့်အထံတော်သို့ ချဉ်းကပ်ပြီး သူတို့ ၏ မျှော်လင့်ခြင်းကို မြဲမြဲစွဲကိုင်ထားဖို့ တိုက်တွန်းခဲ့သည်။ ခရစ်တော်သည် ကိုယ်တော် ၏ အသွေးတော်အားဖြင့် အသန့်ရှင်းဆုံးဌာနထဲသို့ ဝင်ရာလမ်းကို ဖွင့်ပေးခဲ့ကြောင်း သူ ရှင်းပြခဲ့သည်။ ယခုတွင် အခန်းငယ် ၂၃ က ကျွန်ုပ်တို့ကို ပြောထားသလိုပင် ဘုရားသခင်သည် သစ္စာနှင့် ပြည့်စုံတော်မူသည် ဖြစ်သောကြောင့် သူတို့သည် "မျှော်လင့်ခြင်း အကြောင်းကို ဝန်ခံ၍ မရွေ့လျော့ မတိမ်းယိမ်းဘဲ တည်ကြည်နိုင်" ကြပြီဖြစ်သည်။

၁၀း ၂၄-၃၁ ၌လည်း စာရေးသူသည် သူ့ပရိသတ်အား "မေတ္တာစိတ် ရှိစေခြင်းငှာင်း၊ ကောင်းသောအကျင့်ကို ကျင့်စေခြင်းငှာင်း" အချင်းချင်း ထောက်စာကြည့်ရှုကြရန် ဆုံးမဩဝါဒပေးခဲ့သည်။ တရားစီရင်ရာ နေ့ရက် နီးကပ်လာကြောင်း သူတို့ တွေ့မြင်သည်နှင့်အမျှ အတူတစ်ကွ စည်းဝေးခြင်းအမှုကို ပြုကြရမည့်အကြောင်း၊ သာ၍ ကြိုးစားကြရမည့်အကြောင်း သူ ဖော်ပြခဲ့သည်။ ထို့နောက် "ဘုရားသခင့် သားတော်ကို ခြေဖြင့် ကျော်နင်းသူများ"၊ ပဋိညာဉ် တရား ၏ အသွေးတော်ကို အပြစ်တင်သူများ၊ ဆုကျေးဇူးကို ပေးသော ဝိညာဉ်တော်ကို မထီမဲ့မြင်ပြုသူများ အား ပြင်းထန်ဆိုးရွားသည့် ဒဏ်စီရင်ခြင်းက စောင့်မျှော်နေကြောင်း သူ ရှင်းပြခဲ့သည်။ သူ ဂရုပြု မှတ်သားထားသည့်အတိုင်း ဘုရားသခင်သည်လည်း သူ့ လူမျိုးတော်ကို စီရင်တော်မူပါလိမ့်မည်။

ဟေဗြဲ ၁၀း ၃၂-၃၅ ၌ စာရေးသူသည် သူ့ပရိသတ်အား အတိတ်ကို ပြန်လှည့်ကြည့်ပြီး သူတို့ ၏ ရဲရင့်ခြင်းသတ္တိကို မစွန့်ပယ်ကြရန် တိုက်တွန်းခဲ့သည်။ နောင်လာမည့် ကောင်းကင်ဘုံ၌ သူတို့အတွက် သာ၍ မြတ်ပြီး အစဉ်အမြဲတည်သော ဘဏ္ဍာရှိကြောင်း သူတို့သိခဲ့သောကြောင့် အထက်ကာလတွင် စိတ်လိုလက်ရ ဝမ်းမြောက်သောစိတ်နှင့် သူတို့ ဆင်းရဲဒုက္ခ ခံယူခဲ့ကြကြောင်း သူတို့ကို သူ သတိပေးခဲ့သည်။ ထိုအတိုင်း သူတို့ဆက်သွားခဲ့မည်ဆိုလျှင် သူတို့ အကြီးအကျယ် ဆုရကြမည် ဖြစ်သည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

တဖန် ဟေဗြဲ ၁၀း၃၆-၃၉ ကလည်း ပရိသတ်အား ဘုရားသခင့် အလိုတော်ကို ဆောင်ရာတွင် ဇွဲနှင့် သည်းခံဖြတ်သန်းကြရန် ဆုံးမဩဝါဒပေးခဲ့သည်။ ဘုရားသခင်သည် အဆုံးသတ် စီရင်ရန်နှင့် ကောင်းချီးပေးရန်အတွက် ကြွလာမည့်အကြောင်း သူတို့ကို သတိပေးခြင်းအားဖြင့် ဤ ဆုံးမဩဝါဒပေးချက်ကို သူထောက်ကူခဲ့သည်။ ယုံကြည်ခြင်းနှင့် အသက်ရှင်မှုမှ ရွေ့လျော့သူတို့၌ ဘုရားသခင် အားရနှစ်သက်ခြင်းမရှိကြောင်းကိုလည်း သူတို့အား သူ သတိပေးခဲ့သည်။ သို့တစေ ဟေဗြဲ ၁၀း၃၉ ၌

> ငါတို့မူကား ပျက်ဆီးခြင်းသို့ ရောက်အံ့သောငှာ ရွေ့လျော့သောသူမဟုတ်၊ စိတ်ဝိညာဉ်သည် ကယ်တင်ခြင်းသို့ ရောက်အံ့သောငှာ ယုံကြည်သောသူ ဖြစ်၏
> (ဟေဗြဲ ၁၀း၃၉) ဟု ထပ်ဖြည့်စွက်ထားသည်။ သို့ဆိုလျှင် အဆိုပါ ဂျူး ခရစ်ယာန်တို့သည် အသင်းတော် သမိုင်းတစ်လျှောက် ကမ္ဘာတလွှားရှိ ခရစ်ယာန်များ နည်းတူ မောပန်း နွမ်းရိနေကြပြီး ပင်ပန်းဆင်းရဲ ညှင်းဆဲခံနေကြရသည်။ သို့သော် သူတို့သည် မောပန်းနွမ်းနယ်နေကြရုံမက ယုံကြည်ခြင်း၌ပါ ယိမ်းယိုင်နေခဲ့ကြသည်မှာ ပေါ်လွင်နေသည်။ ထို့ကြောင့် သူတို့ အိမ်များလည်း သူတပါး လုယူဖျက်ဆီးခြင်းကို ခံခဲ့ကြရပြီး ဖြစ်သည်။ သွေးထွက်သံယို ဖြစ်သည်အထိတော့ ညှင်းပန်းနှိပ်စက် မခံရသေးသော်ငြား ထိုသို့ဖြစ်မည့် အလားအလာ ရှိနေခဲ့ပုံ ရသည်။ ထို့ကြောင့် သူတို့ ယုံကြည်ခြင်းအပေါ် စိမ်ခေါ်ချက်များစွာ ရှိနေခဲ့သလို အလံဖြူထောင်ပြီး အသက်တာဟောင်းများဆီ ပြန်လှည့်သွားဖို့ အကြောင်းပြချက်များစွာလည်း သူတို့မှာ ရှိနေသည်။ ထို့ကြောင့်ပင် စာရေးသူသည် ယေရှု၌ သူတို့ ယုံကြည်ခဲ့ပြီးသည့် ပဋိညာဉ် တရားသစ်အတိုင်း ဆက်လက် မှန်ကန်စွာ အသက်ရှင်ရေး အားပေး ရေးသားခဲ့ရသည်။

**Dr K. Erik Thoennes**

ဤ ဆုံးမဩဝါဒပေးချက် အတွဲစဉ်နောက်ပိုင်း ၁၁း၁-၄၀ အတွင်း သူ့စာစောင်၌ ကယ်တင်ခြင်းနှင့် ယှဉ်သော ယုံကြည်ခြင်းအပေါ် စာရေးသူ စူးစိုက်ခဲ့သည်။ ဟေဗြဲစာစောင်ဖတ် ပရိသတ်သည် အထက်အချိန်ကာလ ညှင်းပန်းနှိပ်စက်မှုကို သည်းခံဖြတ်သန်းခဲ့ရုံမက ပိုဆိုးသည့် အလားအလာကိုပါ ကြုံခဲ့ပြီးကြောင်း ရှေ့တွင် ကျွန်ုပ်တို့ ဖော်ပြခဲ့ပြီး ဖြစ်သည်။ ထို့ကြောင့် စာရေးသူသည် ဆင်းရဲဒုက္ခအတွင်း နောက်ပြန် မဆုတ်သည့် ယုံကြည်ခြင်းမျိုး ရှိဖို့ သူတို့ကို အားပေးခဲ့သည်။

ထို့နောက် ခက်ခဲမှုများကို ဇွဲနှင့် သည်းခံဖြတ်သန်းပြီး ဓမ္မဟောင်း သမိုင်းတစ်လျှောက် သစ္စာစောင့်ခဲ့ကြသည့် ထင်ရှားပုဂ္ဂိုလ်များစာရင်းကို ရှည်ရှည်လျားလျား ဖော်ပြခြင်းဖြင့် သူပြောလိုသည့် အဓိပ္ပာယ်ကို ပုံဖော်ပြခဲ့သည်။ သူတို့ ဘဝအသက်တာများ၌ အဆိုပါ သစ္စာရှိသူတို့သည် ကတိတော်

ပေးထားသည့် အရာတို့ကို လက်ခံရရှိခြင်း မရှိခဲ့ပါ။ အကြောင်းမှာ ဘုရားသခင့် ကတိတော်သည် အနာဂတ် ကာလအတွက်သာ ဖြစ်သောကြောင့်ပင်။ သို့သော် ဟေဗြဲစာစောင်ရေးသူ ရှင်းပြခဲ့သလို ခရစ်တော် ပြန်ကြွလာချိန်တွင် သူတို့သည် စာရေးသူ အပါအဝင် သူ့ပရိသတ်တို့နှင့်အတူ ဘုန်းတော်ထင်ရှားမှု၌ မျှဝေခံစားကြမည် ဖြစ်သည်။

# လက်တွေ့ကျကျ သည်းခံဖြတ်သန်းခြင်း (၁၂း၁-၁၃း၂၅)

နောက်ဆုံးတွေ့ရသည့် အခ်ိက အပိုင်းသည် ၁၂း၁-၁၃း၂၅ ထိ ဖြစ်ပြီး လက်တွေ့ကျကျ သည်းခံဖြတ်သန်းခြင်း အာဘော်အပေါ် အကျယ်ဖွင့်ဆိုချက်ဖြင့် ဟေဗြဲဩဝါဒစာစောင်ကို အဆုံးသတ်သည်။ ဤအပိုင်းသည် ဆုံးမဩဝါဒပေးချက်နှင့် ရှင်းပြချက် တသီတသန်းကြီး ပါဝင်သည့် စာစဉ်တစ်ခု ဖြစ်သည်။ ကျွန်ုပ်တို့ ၏ ရည်ရွယ်ချက်အရ အဆိုပါ ဆုံးမဩဝါဒပေးချက်များကို အကျဉ်းချုပ်ဖော်ပြရုံမျှသာ ပြုကြပါမည်။

ဟေဗြဲစာစောင် ရေးသူသည် သူ့စာစောင် အဆုံးသတ်ပိုင်းဆီ ရောက်လာသည်နှင့် ဘဝအသက်တာ ၏ တိကျသော နယ်ပယ်များ အတွက် မတူခြားနားသော ဆုံးမဩဝါဒပေးချက် များစွာကို အလျင်အမြန်ပင် ချရေးခဲ့သည်။ ရှုထောင့်စုံမှ ကြည့်လျှင် ဤအပိုင်းသည် သူ့စာစောင် ၏ လက်တွေ့အကျဆုံး အစိတ်အပိုင်း ဖြစ်သည်။ အကြောင်းမှာ ၎င်းသည် အထူးသဖြင့် သူ့ပရိသတ် လိုက်စားဖို့ သူမျှော်လင့်ထားခဲ့သည့် ပြုမူကျင့်ကြံမှု ပုံစံများအကြောင်း ဆွေးနွေးထား၍ ဖြစ်သည်။ သို့သော် စာရေးသူသည် သူ့ပရိသတ်အား ခရစ်တော် နောက်လိုက်များအဖြစ် ခံစားခဲ့သည့် ကြီးမြတ်သော အခွင့်ထူးများဆိုင်ရာ ရှုပါရုံဖြင့် စေ့ဆော်တိုက်တွန်းရန်နှင့် ခွန်အားပေးရန်အတွက်လည်း အခွင့်အရေးယူခဲ့သည်။

အဆိုပါ ဆုံးမဩဝါဒပေးချက်တို့ကို ယေဘူယျဆန်သည့် အတန်းအစား ငါးခု အဖြစ် ခွဲခြားနိုင်သည်။ ထို့နောက်တွင် စာစောင်၏ အဆုံးပိုင်း လိုက်လာသည်။ ဟေဗြဲ ၁၂း၁-၃ တွင် စာရေးသူသည် သူ့ပရိသတ်အား အပြေးပြိုင်ပွဲ တစ်ခုမှာကဲ့သို့ သည်းခံဖြတ်သန်းကြရန် ဆုံးမဩဝါဒပေးခဲ့သည်။ အပြစ်ဝန်ကို ချထားပြီး အလားတူ သည်းခံဖြတ်သန်းခဲ့သည့် ခရစ်တော်အပေါ် စေ့စေ့ စူးစိုက်ခြင်းဖြင့် ဤအရာကို သူတို့ လုပ်နိုင်ကြပေသည်။

ဘုရားသခင့် အထံတော်မှ ဖခင်တစ်ဦး ဆုံးမသည့် အနေအထားအတိုင်း ဟေဗြဲ ၁၂း၄-၁၃ က ပရိသတ်အား အခက်အခဲကို သည်းခံဖြတ်သန်းရန် ဆုံးမဩဝါဒပေးခဲ့သည်။ စာရေးသူသည် သုတ္တံ ၃း၁၁၊ ၁၂ တို့ကို ကိုးကားပြီး ဤ အမြင်မှန်ကြောင်း ပြခဲ့သည်။ ဘုရားသခင့် ဆုံးမပဲ့ပြင်ခြင်းသည် "ငြိမ်သက်ခြင်းနှင့် ယှဉ်သော ဖြောင့်မတ်ခြင်းတရား ၏ အကျိုးကို ရိတ်သိမ်းစေကြောင်း" သူ ရှင်းပြခဲ့သည်။ သို့ဖြစ်သောကြောင့် သူတို့ကိုယ်သူတို့ ခိုင်ခံ့စေရန်နှင့် ဆင်းရဲဒုက္ခကြောင့် ချိနဲ့သွားသူများ မဖြစ်ကြရန် သူတို့ကို သူ အားပေးခဲ့သည်။

ဟေဗြဲ ၁၂း၁၄-၁၇ တွင် စာရေးသူက သူ့ပရိသတ်အား အချင်းချင်း တိုက်တွန်းခွန်အားပေးကြရန် တဖန်ပြန်၍ ဆုံးမဩဝါဒပေးခဲ့သည်။ အသင့်အတင့် နေထိုင်ရန်၊ ငြိမ်သက်ခြင်းနှင့် သန့်ရှင်းခြင်း ပါရမီကို



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

မှီအောင်လိုက်ရန် သူ တိုက်တွန်းခဲ့သည်။ သူတို့၌ မည်သူမျှ မတရားသော မေထုန်မှီဝဲသူ မဖြစ်ကြရန်၊ ဘုရားတရားကို မရိုမသေ ပြုသူ မရှိစေရန် သတိနှင့် ကြည့်ရှုကြရမည် ဖြစ်သည်။ မိမိ အမွေခံ အခွင့်အရေးများအား စွန့်ပစ်ခဲ့ပြီးသည်ကို ပြန်ပြင်ခြင်းငှာ မတတ်နိုင်တော့သည့် ဧသော ၏ ပုံသက်သေကို ကိုးကား၍ ဤအချက် မည်မျှအရေးကြီးကြောင်း သူ ပုံဖော်ခဲ့သည်။

ဟေဗြဲ ၁၂း၁၈-၂၉ တွင် စာရေးသူက သူ့ပရိသတ်အား ခရစ်တော်၌ သူတို့ ၏ ကောင်းချီးများအတွက် ကျေးဇူးသိသောစိတ် ရှိကြရန် ဆုံးမသြဝါဒပေးခဲ့သည်။ သူ့ပရိသတ် ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးရန်နှင့် သည်းခံဖြတ်သန်းရေး လှုံ့ဆော်ခွန်အားပေးရန်အတွက် သူတို့ ခံယူရရှိပြီး ဖြစ်သော အတိုင်းအဆမဲ့ အခွင့်အရေးများနှင့် ကောင်းချီးများကို သူဖော်ပြခဲ့သည်။ ဟေဗြဲ ၁၂း၂၂-၂၄ ကို နားထောင်ကြည့်ပါ။

> သင်တို့သည် ဇိအုန်တောင်သို့၎င်း၊ အသက်ရှင်တော်မူသော ဘုရားသခင် ၏ မြို့တော်တည်းဟူသော ကောင်းကင်ယေရုရှလင်မြို့သို့၎င်း ရောက်ကြ၏။ အတိုင်းမသိ များစွာသော ကောင်းကင်တမန်တို့ ၏ စည်းဝေးခြင်းသို့၎င်း၊ ကောင်းကင်စာရင်း၌ ဝင်သော သားဦးတို့ ၏ အသင်းတော်သို့၎င်း ရောက်ကြ၏။ ခပ်သိမ်းသောသူတို့ကို တရားစီရင် တော်မူသော ဘုရားသခင့် အထံတော်သို့၎င်း၊ စုံလင်ခြင်းသို့ရောက်သော သူတော်ကောင်းတို့၏ စိတ်ဝိညာဉ်တို့ ထံသို့၎င်း၊ ပဋိညာဉ်တရားသစ်၏ အာမခံတည်းဟူသော ယေရှုထံတော်သို့၎င်း၊ အာဗေလ၏ အသွေး ပြောဆိုသောအရာထက် သာ၍ မြတ်သောအရာကို ပြောဆိုသော ဖြန်းဆွတ်ခြင်း၏ အသွေးထံသို့၎င်း ရောက်ကြ၏ (ဟေဗြဲ ၁၂း၂၂-၂၄)။ ဟေဗြဲ ၁၂း၂၂ မှစပြီး နောက်ပိုင်းတွင် ဟေဗြဲစာစောင်ရေးသူက "ဇိအုန်တောင်သို့ ကျွန်ုပ်တို့ ရောက်ကြပြီ" ဟု ဆိုထားသည်။ ယခုတွင် ပြီးခဲ့သည့် ရှေ့က အခန်းကြီးနှင့် ဆက်နွယ်ပြီး ထိုအချက်ကို သင် လက်ခံဖို့ ရှိပါသည်။ အကြောင်းမှာ အခန်းကြီး ၁၁ ထဲက ယုံကြည်ခြင်း ဥပမာပြ ထင်ရှားကျော်ကြားသည့် လူပုဂ္ဂိုလ် အစုအဖွဲ့ ဟု ကျွန်ုပ်တို့ ခေါ်ဆိုကြသည့် ဓမ္မဟောင်း သန့်ရှင်းသူ ရှိသမျှတို့သည် ကတိတော်ကို မခံစားရဘဲ ယုံကြည်ခြင်း၌ သေလွန်ခဲ့ကြသည်ဟု ဆိုထားသည်။ ထိုသို့ဖြစ်စေကာမူ ခရစ်တော်သည် ကောင်းကင်သို့ ဝင်ရောက်ခဲ့ပြီးကြောင်း၊ ခရစ်တော်သည် ပြိုင်ပွဲကို ပြီးဆုံးစေခဲ့ပြီး ဖြစ်ကြောင်း၊ သူ အောင်မြင်ခဲ့ပြီးကြောင်း အခန်းကြီး ၁၂ အစပိုင်းတွင် ကျွန်ုပ်တို့ကို ပြောပြထားသည်။ ထို့ကြောင့် အခန်းငယ် ၂၂ နှင့် နောက်ပိုင်းတွင် ပြောနေသည်မှာ ဓမ္မဟောင်း သန့်ရှင်းသူများပင်လျှင် သူတို့ အသက်ရှင်စဉ်ကာလ၌ မရောက်ရှိ မခံစားခဲ့ရသည့် အဆင့်ထဲသို့ ကျွန်ုပ်တို့ ဝင်ရောက်ခဲ့ပြီ ဆိုသည့် အချက်ပင် ဖြစ်သည်။ ထို့ပြင် ဟေဗြဲစာရေးသူက "ငါတို့သည် ဇိအုန်တောင်သို့၎င်း၊ အတိုင်းမသိ များစွာသော ကောင်းကင်တမန်တို့ ၏ စည်းဝေးခြင်းသို့၎င်း ရောက်ကြ၏" ဟု ဆက်လက် ပြောဆိုထားသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

ထိုနေရာတွင် ဘုရားသခင့် ကျေးဇူးပလ္လင်တော်တည်းဟူသော ကောင်းကင်အရပ်ရှိ ဘုရားသခင့် မျက်မှောက်တော်ကို သူဖော်ပြနေခြင်းပင် ဖြစ်သည်။ ဤအရာ ၏ အံ့ဩဖွယ် ရိုက်ခတ်မှုတစ်ခုမှာ ဓမ္မဟောင်းအတွင်း ဇိအုန်တောင်နှင့် ယေရုရှလင်တို့က ပြညွှန်ခဲ့သမျှသည် ခရစ်တော်၌ ရှိသူတို့အတွက် မှန်ကန်လာသည် ဖြစ်သောကြောင့် ဆာလံ ၄၈ လို "ထာဝရ ဘုရားသည် ကြီးမြတ်တော်မူ၏။ သန့်ရှင်းသော တောင်တော်ပေါ်မှာ ငါတို့ ဘုရားသခင်၏ မြို့တော်တွင် အထူးသဖြင့် ထောမနာ ချီးမွမ်းခြင်းကို ခံထိုက်ပေ၏" ဟူသော ဆာလံကို ကျွန်ုပ်တို့ မှန်ကန်စွာ နားလည်လာသည့်အခါ မြေကြီးပေါ်မှာ ရှိသည့် ခရစ်တော်၏ အပေါင်းအသင်း အဖြစ် ကျွန်ုပ်တို့၏ စည်းဝေးခြင်းသည် မည်သည့် အဓိပ္ပာယ်ကို ဆိုလိုကြောင်း ကျွန်ုပ်တို့ စဉ်းစားနိုင်လာသည်။ ကျွန်ုပ်တို့ တည်နေရာသည် ကောင်းကင် ဇိအုန်တောင် ဖြစ်သည်။ မြေကြီးပေါ်က ပုံစံတူ တစ်ခုမဟုတ်ပါ။ စစ်မှန်သော ကောင်းကင် ဇိအုန် ဖြစ်ပြီး ၎င်းသည် အောင်မြင်သော ယေရှု၌ ကိုယ်တော်အားဖြင့် ဘုရားသခင့် မျက်မှောက်တော်ထဲ ကျွန်ုပ်တို့ တည်နေရန်အလို့ငှာ ယေရုရှလင်မြို့သစ် ဆင်းသက်လာချိန်၊ ကောင်းကင်သစ်၊ မြေကြီးသစ်၌ ပေါ်ထွန်းလာမည့် ဇိအုန်ပင် ဖြစ်တော့သည်။ ထို့ကြောင့် ၎င်းအချက်သည် လောကထဲရှိ မြင်ရသော အသင်းတော်ကို ကျွန်ုပ်တို့ မည်သို့ ရှုမြင်သင့်သည်နှင့် စပ်လျဉ်း၍ ထူးခြားကွဲပြားသည့် အမြင်ကို ပေးနေပေသည်။

**သိက္ခာတော်ရ ဆရာကြီး Michael J. Glodo**

ဟေဗြဲ ၁၃း၁-၁၉ တွင် စာရေးသူသည် သူ့ပရိသတ်အား နေ့စဉ်ဘဝ၌ သစ္စာစောင့်ကြရန် အတိုချုပ် အားပေးထားသည်။ အချင်းချင်း ချစ်ကြဖို့၊ သာသနာပလူ၊ ထောင် အကျဉ်းကျနေသူတို့ကို သတိရကြဖို့၊ မိဘကို ရိုသေကြဖို့၊ ရှိသမျှနှင့် တင်းတိမ်ရောင့်ရဲကြဖို့၊ အသင်းတော်ကို ဦးဆောင်သူများအား သတိရကြဖို့ သူ ဖော်ပြခဲ့သည်။ သူတို့၏ ဒေသန္တရ ဂျူး လူ့အဖွဲ့အစည်း သွန်သင်ချက် အဆန်းအပြားတို့ကို ဆန့်ကျင်ပြီး သူတို့ ၏ လက်တွေ့ဘဝထဲ၌ ခရစ်တော်ကြောင့် ဖြစ်ရသော ဆင်းရဲဒုက္ခကို လက်ခံတတ်ရန်လည်း သူတို့အား သူ သတိပေးခဲ့သည်။ ကျေးဇူးချီးမွမ်းခြင်း ယဇ်တည်းဟူသော နှုတ်ခမ်းအသီး ကို ပူဇော်ဖို့၊ ကောင်းသောအကျင့်၌ ကျင့်ဖို့၊ အချင်းချင်း ဥစ္စာပစ္စည်း ဝေမျှကြဖို့ သူတို့အား သူတိုက်တွန်းခဲ့သည်။ ထို့နောက်တွင် ဤကဏ္ဍအား သူနှင့် သူ့ သာသနာ အပေါင်းအဖော်တို့အတွက် ဆုတောင်းပေးရေး မေတ္တာရပ်ခံချက်နှင့် အဆုံးသတ်ခဲ့သည်။

အဆုံးသတ်တွင် ဟေဗြဲ ၁၃း၂၀-၂၅ သည် စာစောင်ကို စာရေးသူ နိဂုံးချုပ်သည့်အပိုင်း ဖြစ်သည်။ ယေရှုကို ထမြောက်စေခဲ့သော ဘုရားသခင်သည် သူတို့အထဲ၌ အားထုတ်ပြုပြင်ပြီး ဘုန်းတော်ထင်ရှားပါမည့် အကြောင်း ဆုတောင်း ကောင်းချီးစကားကို သူမြွက်ကြားခဲ့သည်။ ထို့နောက် အခန်းငယ် ၂၂ တွင် သူ့ပရိသတ်တို့အား "ဤဆုံးမခြင်းဩဝါဒစကား (သို့မဟုတ် သူတို့အား



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။

သူဟောဆိုသော ဒေသနာ) ကို သည်းခံပါရန်" သူ တိုက်တွန်းခဲ့သည်။ ထို့နောက် သူ့စာစောင်အား နှုတ်ဆက်စကား အချို့နှင့် သူ အဆုံးသတ်ခဲ့တော့သည်။

# နိဂုံး

ဤသင်ခန်းစာထဲတွင် ဟေဗြဲ ဩဝါဒစာစောင် ၏ ပါဝင်အကြောင်းအရာနှင့် ဖွဲ့စည်းပုံကို ကျွန်ုပ်တို့ လေ့လာခဲ့ကြပြီး ဖြစ်သည်။ ခရစ်တော်၌ နောက်ဆုံးကာလအပေါ် စူးစိုက်ထားသော အဖန်တလဲလဲ ဖော်ပြပါရှိသည့် အကြောင်းအရာကိုငင်း၊ စာရေးသူ ၏ ရှုထောင့်အမြင်ကို ပံ့ပိုးပေးနေသည့် ဓမ္မဟောင်း အကိုးအကားများအားငင်း၊ ဇွဲနှင့် သည်းခံဖြတ်သန်းရေးအတွက် သူ့ ဆုံးမဩဝါဒပေးချက် အများအပြားကိုငင်း ကျွန်ုပ်တို့ ဂရုပြု မှတ်သားခဲ့ကြပြီး ဖြစ်ပါသည်။ ဒေသန္တရ ဂျူး သွန်သင်ချက်များထဲက ထွက်ပေါ် ခဲ့သဖြင့် ခရစ်ယာန် ယုံကြည်ခြင်းကို ဆန့်ကျင်နေသည့် စိမ်ခေါ်မှုများအား ကိုင်တွယ်ဆွေးနွေးရန် သူ အဖန်တလဲလဲဖော်ပြခဲ့သည့် အာဘော်များကို စာရေးသူ မည်သို့ ယက်လုပ် ချိတ်ဆက် တည်ဆောက်ခဲ့ကြောင်း ဂရုပြုမှတ်သားခြင်းအားဖြင့် စာစောင် ၏ အလင်္ကာဆင်ယင် ဖွဲ့စည်းထားပုံကိုလည်း ကျွန်ုပ်တို့ ဖော်ထုတ်ခဲ့ကြပြီး ဖြစ်သည်။

ဟေဗြဲ ဩဝါဒစာသည် ခရစ်တော် နောက်လိုက်သူတို့အတွက် အဖိုးထိုက်လှသော ရတနာများကို ပေးထားသည်။ ၎င်း ၏ ဓမ္မပညာပိုင်းဆိုင်ရာ ရှုထောင့်အမြင်တို့သည် ကျွန်ုပ်တို့ အတွက် ခရစ်တော်ပြုခဲ့ပြီးသမျှကို အတွင်းကျကျ ဖွင့်ပြပေးနေကြသည်။ ထို့ပြင် ခရစ်တော်နောက်လိုက်ခြင်း ၏ အဓိပ္ပာယ်ကို ၎င်းက အနက်ရှိုင်းဆုံး ဖွင့်ဆိုပေးနေသည်။ ကျွန်ုပ်တို့ ၏ အခွင့်အာဏာအဖြစ် သမ္မာကျမ်းစာထံ ကျွန်ုပ် လှည့်ကြဖို့၊ ဘုရားသခင့် ကတိတော် ရှိသမျှ ပြည့်စုံရာ အဖြစ် ခရစ်တော်ကို လက်ခံရယူဖို့ ဟေဗြဲ ဩဝါဒစာက ကျွန်ုပ်တို့ကို တိုက်တွန်းထားသည်။ ထို့ပြင် မည်သည့်အခါမျှ လှုပ်ရှားခြင်း ရှိတော့မည် မဟုတ်သည့် တစ်ခုတည်းသော နိုင်ငံတော်တည်းဟူသော ကိုယ်တော် ပြင်ဆင်တော်မူလျက်ရှိနေသည့် နိုင်ငံတော်ကို ကျွန်ုပ်တို့ ဝင်စားသည့် ထိုအချိန်ကာလ ရောက်လာသည့်တိုင်အောင် ကျေးဇူးတင်တတ်သော နှလုံးသားဖြင့် ခရစ်တော်ကို ချစ်၍ အစေခံဖို့ ကျွန်ုပ်တို့အား ဤစာစောင်က ဆုံးမဩဝါဒ ပေးလျက် ရှိနေပေသည်။



ဗီဒီယိုများ၊ သင်ခန်းစာ လမ်းညွှန်များ နှင့် အခြား အရင်းအမြစ်များအတွက် thirdmill.org တွင် သာ့ဒ်မစ်လ်ကို ဝင်ကြည့်နိုင်ပါသည်။